www.burmeseclassic.com



# အဝိဇ္ဇာ မှ ဝိဇ္ဇာ သို့

## ဆုန္နာဝီ ဆရာတော်

## ဦးဥတ္တမသာရ ၏

ထေရုပ္ပတ္တိ

(သို့)

အနတ္တ(သုညတ–ရုပ်နာမ်နှစ်ပါး)ကပြောတဲ့

အနတ္တအကြောင်း

www.burmeseclassic.com






စွန်းလွန်းဆရာတော်ဘုရားကြီး

"မသိတော့ လိုချင်၊ လိုချင်တော့
စွဲလန်း ၊ စွဲလန်းတော့ ပြုလုပ်၊
ပြုလုပ်တော့ ရရှိ၊
ရရှိတော့
မဆုံးနိုင်အောင် ခံကြပေတော့ "



မိုးကုတ်ဆရာတော်ဘုရားကြီး


အိပ်ပျော်နေချိန်မှတစ်ပါး
တရား အားထုတ်လို့ မရသော
အချိန်မရှိ၊ ဘယ်အခါမဆို
မင်္ဂဖိုလ် ရအောင် အားထုတ်
နိုင်တဲ့ အချိန်အခါချည်းပဲ။
အချိန်ကို အအားလုံးဝ
မထားဘဲ တရား နှလုံးသွင်းပါ



သဲအင်းဂူဆရာတော်ဘုရားကြီး

'ငါ,ငါစိတ်' နဲ့သေရင်
'ငါ'သာခံကြပေတော့။
ငါဆိုတဲ့ ဒိဋ္ဌိမပြုတ်လို့
လေးဘက်ထောက်
မိုး-ကျောခိုင်းပြီး
အပါယ်လေးပါးဆင်းရတာ၊
ငါစွဲပြုတ်အောင် ဝိပဿနာ
အလုပ်လုပ်ကြ၊ မလုပ်ရင်
စုံးစုံးမြုပ်ကြလိမ့်မယ်။

www.burmeseclassic.com






# အဝိဇ္ဇာ မှ ဝိဇ္ဇာသို့

BURMESE CLASSIC .com

## စာစဉ်- (၄၅-၃ နှင့် ၄၅-၄)

'ငါ၊ ငါ့ဘဝ'ဟူသော 'အထင်မှား အဝိဇ္ဇာ'ကြောင့်
ပေါ်ပေါက်လာသော
မေးခွန်းပေါင်း၊ပြဿနာပေါင်း၊အရှုပ်အထွေး၊
အမှားအယွင်းပေါင်း မြောက်မြားစွာအတွက်
ဝိဇ္ဇာဉာဏ်ဖြင့် ရှင်းလင်းချက်များ

www.burmeseclassic.com

နလုံးသား၏ မပြောင်းလဲသော ပစ္စုပ္ပန်သစ္စာစကား
ဘုရားရှင် ရှာဖွေဖော်ထုတ် ပေးခဲ့သော
သစ္စာလေးပါး အမှန်တရားမှ လွဲလျှင်
အားလုံးကို အကြွင်းမဲ့ စွန့်လွှတ်၍
သစ္စာတရားကိုသာလျှင် မြတ်နိုးတန်ဖိုးထားပါ၏။
ယုံကြည်အားကိုးပါ၏။ ပေါင်းသင်းအဖော်ပြုပါ၏။




www.burmeseclassic.com



# အဝိဇ္ဇာ မှ ဝိဇ္ဇာသို့

## ဆူနာမီဆရာတော် ဦးဥတ္တမသာရ

www.burmeseclassic.com



(၂၆-၁၀-၁၉၆၉) သီတင်းကျွတ်လပြည့်နေ့ည (၉)နာရီ (၁၀)မိနစ်တွင် စစ်ကိုင်းတိုင်း၊ ကသာမြို့၌ ဖခင် ဦးတင်မောင်၊ မိခင် ဒေါ်ခင်ခင်မြင့် တို့မှ ဖွားမြင်ခဲ့၏။ သား(၃)ယောက်အနက် အကြီးဆုံးဖြစ်ပြီး လောကီ အောင်မြင်မှုများ ရရှိစေရန် ရည်ရွယ်၍ အဒေါ်ဖြစ်သူက အောင်ကိုကို ဟု အမည်ပေး၏။

## (၁) တရားအားမထုတ်ခင်(၂၉)နှစ်အရွယ်အထိဘာသာရေးယုံကြည်မှု

ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း မိဘများနည်းတူ ဘုရား၊တရား၊သံဃာရတနာ သုံးပါးအပေါ်တွင် သာမက မည်သည့်ဘာသာရေးကိုမျှ ငယ်စဉ်ကပင်စိတ်ဝင်စားမှု လုံးဝမရှိခဲ့။ ဘာသာရေးနှင့် မိမိနှင့် ဘာမှမဆိုင်ဟုပင်ထင်မှတ်ခဲ့၏။သံဃာတော်များ နှင့်ပြောဆိုဆက်ဆံဖူးခြင်းလည်းမရှိ၊ သံဃာတော်များ၏ဘဝကိုလည်း စိတ်မဝင်စား၊ ကိုယ်ချင်းလည်း လုံးဝမစာနာတတ်ခဲ့၊ ကသာမြို့ရှိ ဦးလေးအဒေါ်များနှင့် အတူ နေစဉ်မိမိ(၉)နှစ်သားအရွယ်ခန့်က ညီအလတ် ကိုရင်ဝတ်သော်လည်း စိတ် မဝင်စားသဖြင့် မဝတ်ခဲ့ပုံ၊ အလယ်တန်းကျောင်းသားဘဝက တွေ့ကြုံရသော မူဆလင် ဘာသာဝင် သူငယ်ချင်းတစ်ဦး၏ အထူး ကြိုးစားဂရုစိုက်ပြီး ဥပုသ်သီလ စောင့်ထိန်းပုံနှင့် တက္ကသိုလ်တွင် ပါဠိကို (Minor) ဘာသာအဖြစ် သင်ယူရစဉ်က လုံးဝစိတ်မဝင်စားသဖြင့် ပါဠိကြောင့် စာမေးပွဲကျမလို ဖြစ်ခဲ့ရခြင်းကြောင့် နောက် နှစ်တွင် သမိုင်းဘာသာကိုပြောင်းယူခဲ့ခြင်းများသာ ဘာသာရေးနှင့် ပတ်သက်၍ မှတ်မှတ်ရရ ရှိခဲ့၏။

## (၂) ကျောင်းသားဘဝ

ငယ်စဉ်ကပင် ပညာရေးကို အလွန် စိတ်ဝင်စား၏။ အသက်(၄)နှစ်ကျော် ကပင် မိမိနှင့်ရွယ်တူကလေးများကျောင်းဝတ်စုံကိုယ်စီနှင့် ကျောင်းသွားနေသည်ကို မြင်တွေ့ရရာမှ မိဘကို အတင်းပူဆာပြီး အသက်မပြည့်မီပင် ကျောင်းစတက်ခဲ့၏။ ခက်ခက်ခဲခဲစဉ်းစားတွက်ချက် အဖြေထုတ်ရသောသင်္ချာပုစ္ဆာများကို ငယ်စဉ်ကပင် ကျောင်းသားချင်း ပြန်သင်ပြပေးရလောက်အောင် ကျွမ်းကျင်သလောက် မှတ်ဉာဏ် သုံး၍ အလွတ်ကျက်မှတ်ရသော ကျက်စာများကိုမူ စိတ်ဝင်စားမှု နည်းလွန်း၏။

www.burmeseclassic.com

စာဖတ်ဝါသနာပါလွန်းခြင်း၊ ဘောလုံးကန်၊ ခြင်းလုံးခတ်စသည့် ကစားမက်လွန်းခြင်းတို့ကြောင့် ဆယ်တန်းမရောက်မီအချိန်အထိ ပညာရေးတွင် စိတ်ဝင်စားမှု၊ ကြိုးစားမှုအားနည်းခဲ့သည်။ ဆရာဝန်ဖြစ်ရမည် ဟူသောယုံကြည်ချက်အပြည့်ဖြင့် အထူးကြိုးစားသော်လည်း ရည်မှန်းထားသလို စိတ်တိုင်းကျ မဖြေဆိုနိုင်သော ၁၉၈၅ဆယ်တန်း စာမေးပွဲကို နောက်ဆုံးနေ့တွင်ဆက်မဖြေဖြစ်ခဲ့။ မိခင်၏နိုင်ငံသားမှတ်ပုံတင်မရနိုင်သေးသဖြင့်ဆရာဝန်ဖြစ်ရန်မသေချာမည့်အတူတူ ဘဝတူသူငယ်ချင်းအချင်းချင်းကိုသာ အဓိကထား စာပြပေးရင်းဖြေဆိုသော ၁၉၈၆ ဆယ်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုရူပ၊ နိုင်ငံသမိုင်း လေးဘာသာဂုဏ်ထူး (စုစုပေါင်း ၄၉၃မှတ်)ဖြင့် အောင်မြင်ခဲ့၏။ စီးပွားရေး အဆင်မပြေလျှင်မိမိဝါသနာပါသော ကျူရှင်ပြစား၍ ရသည်ဟူသောရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်စာမေဂျာယူ၏။



တက္ကသိုလ်စတက်ပြီး တစ်နှစ်ကျော်ကြာမှ မိခင်မြန်မာနိုင်ငံသား ဖြစ်သွား၏။ စီးပွားရေးတစ်ဖက်လုပ်ကိုင်ရင်း ၁၉၉၄တွင် ရန်ကုန်တက္ကသိုလ်မှ (BA. English.Honours) ဘွဲ့ရ၏။ မိမိအထူးမျှော်လင့် အထင်ကြီး အားကျခဲ့သော လောကီပညာရေးသည် ဟိုလိုလို၊ ဒီလိုလိုနှင့်ပင် ဘွဲ့လက်မှတ်တစ်ခုရခြင်းဖြင့်အဆုံးသတ်သွား၏။

## (၃) စီးပွားရေးသမားဘဝ။ ကြီးကျယ်ဖို့ သေးသိမ်ရသလို၊ သေးသိမ်ဖို့ ကြီးကျယ်ရ၏။

ကုသိုလ်လည်းရ၊ဝမ်းလည်းဝသည်ဟု အထင်ကြီးခဲ့သော ဆရာဝန်ဘဝဖြင့် အေးအေးဆေးဆေးအသက်မွေးချင်သော်လည်း ဘယ်လိုမှ အခြေအနေမပေးသဖြင့် ဖြစ်ချင်တာလုပ်လို့မရရင်၊ အခြေအနေပေးတာ၊ ရတာလုပ်မည်ဟု ဆုံးဖြတ်ချက်ချကာ (၁၆)နှစ်အရွယ်မှစ၍ ပညာရေးတစ်ဖက်နှင့် စီးပွားရေးလောကထဲ စတင်ဝင်ရောက်ရာမှ စီးပွားရေးမှိုင်းမိ သွားပြီး တဖြည်းဖြည်းနှင့် လောဘအလွန်ကြီးလာ၏။

မိဘနှင့်သားသမီး(လူကြီးနှင့်လူငယ်)ကြားဘယ်လိုမှညှိနှိုင်း၍မရသော စိုးရိမ်ပူပန်စိတ်နှင့် စူးစမ်းလေ့လာစွန့်စားလိုစိတ်တို့၏ (၇)နှစ်ကြာ အိမ်တွင်းပြဿနာ

www.burmeseclassic.com

များကိုအဆုံးသတ်သည့်အနေဖြင့် (၂၃)နှစ်အရွယ် ၁၉၉၂တွင် ဘယ်တော့မှ နောက်ပြန်မလှည့်ဟု ယတိပြတ် ဆုံးဖြတ်ချက်ချကာ အိမ်မှ အပြီးထွက်လာခဲ့၏။

အိမ်မှ ထွက်ဖို့အရေး နှစ်ပေါင်းများစွာချီတုံချတုံ ဖြစ်နေခဲ့ပြီးမှ နောက်တစ်နှစ်ကြာလျှင် တကယ်ထွက်တော့မည်ဟု ခေါင်းအေးအေးထားပြီး တစ်နှစ်ကြိုတင် ဆုံးဖြတ်ချက်ချပြင်ဆင်ခဲ့ခြင်းကြောင့် အထမြောက် အောင်မြင်ခြင်းဖြစ်၏။ ကြိုတင် ပြင်ဆင်မှုများထဲတွင် စီးပွားရေးလုပ်ကိုင်လို့ ဘယ်လိုမှ အဆင်မပြေခဲ့လျှင် သွားနေရန် တောင်ဒဂုံ၌ ပေ၂၀×၆၀ မြေကွက်တစ်ကွက်ကို ခြောက်သောင်း သုံးထောင်ကျပ်ဖြင့် ဝယ်ယူခြင်းလည်းပါဝင်၏။ (ထိုမြေကွက်ကို ၁၂၆(၃)လွှာ၊၃၈လမ်းအခန်း ဝယ်ယူသောအခါတွင်မှ ပြန်ရောင်းလိုက်၏။)

အထက်ပုဇွန်တောင်လမ်းမကြီးပေါ်တွင်အခန်း တစ်ခန်းကြိုတင်ငှားရမ်းကာ အိမ်မှထွက်လျှင်ထွက်ချင်း ထိုအခန်းတွင်ဝန်ထမ်း တစ်ယောက်၊ ပစ္စည်းအနည်းငယ် ဖြင့် အိမ်ဆိုင်လေး စဖွင့်ခဲ့၏။ လိုအပ်သောငွေအချို့ကို ညီဝမ်းကွဲတစ်ယောက်ထံမှ ချေးယူ၏၊မခံချင်စိတ်ဖြင့်အစွမ်းကုန်ကြိုးစားခြင်းကြောင့်လုပ်တိုင်းဖြစ်နေသော စီးပွားရေးကို လောဘတကြီးလုပ်ကိုင်နေရင်း မီးရှူးမီးပန်းများရောင်းသဖြင့် ရဲစခန်း တွင်(၁)လကြာသွားရောက်နေထိုင်ရသေး၏။ လူက ရဲစခန်းရောက်နေသော်လည်း စီးပွားရေးကို ဘယ်လိုရှေ့ဆက် လုပ်ကိုင်ရမည်ကိုသာ စိတ်ကတွေးနေမိ၏။

မိမိ၏အကုသိုလ်ကံအကျိုးပေးကြောင့်ဟုလည်း နားမလည်၊ နောင်တလည်း လုံးဝမရသည့်အပြင် ရဲစခန်းမှပြန်ရောက်လာသောအခါ မခံချင်စိတ်ဖြင့် စီးပွားရေးကို ပိုပြီး ကြိုးစားလုပ်ကိုင်၏။ ရဲစခန်းတွင် နေခဲ့ရသော ထိုတစ်လသည် ငွေကြေးနှင့် အချိန် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ခဲ့သော်လည်း အခြားတစ်ဘက်တွင်မူ ဘဝတူ ဒုက္ခသည် များကို ကိုယ်ချင်းစာနာတတ်မှုအပြင်ငွေကြေးဖြင့် ဘယ်လိုမှ ပေးဝယ်၍ မရနိုင်သော၊ တန်ဖိုးမဖြတ်နိုင်သည့် ဘဝအတွေ့အကြုံများစွာ ရခဲ့၏။

**(သတ်မှတ်ထားသော ဥပဒေ၊ သတ်မှတ်ထားသော အပြစ်ဒဏ်ဖြင့် လောဘ၊ ဒေါသ၊ မောဟစိတ်ကို ဆုံးမ၍ မရမှန်း သိသဖြင့်လည်း တရားရိပ်သာများ ဖွင့်သောအခါ လူပေါင်းစုံ လက်ခံပြီး တရားဖြင့် စိတ်ကို ပြုပြင်ပေးခြင်း ဖြစ်၏။)**

မိမိ၏ဘဝတစ်ခု ရပ်တည်နိုင်ရေးအတွက် တရားသော နည်းလမ်းများဖြင့်

www.burmeseclassic.com




အပြင်းအထန် စီးပွားရေးတိုက်ပွဲဝင်ရာမှ ၁၉၉၆တွင် အမှတ်(၁၂၆)၊ (၃လွှာ)၊ (၃၈)လမ်း အခန်းကို ကြိုပွိုင့် (အရစ်ကျ ငွေပေးချေစနစ်)ဖြင့် ဝယ်ယူ၏။ စီးပွားရေး လုပ်ငန်း သိသိသာသာအောင်မြင်လာခြင်းနှင့်အတူ အစုရှယ်ယာရှင်များပါ တဖြည်း ဖြည်း ပါဝင်လာမှုကြောင့်(၁၉၉၉)တွင် စတိုးဆိုင်-၃-ဆိုင်၊ ဝန်ထမ်း (၁၀၀)နီးပါးအထိ လုပ်ငန်း ကြီးမားလာ၏။ လူ့လောကတွင် တိုက်နဲ့ ကားနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်သော မူလရည်မှန်းချက် ပြည့်စုံလာပြီဖြစ်သော်လည်း ကျေနပ် ရောင့်ရဲမှု ရှိမလာသည့်အပြင် ကုန်ထုတ်လုပ်ငန်းရှင် ဖြစ်ချင်လာခြင်းကြောင့် ကုန်ပစ္စည်းဖြန့်ချိရေး လုပ်ငန်းကိုပါ ချဲ့ထွင်လုပ်ကိုင်၏။

စီးပွားရေး အောင်မြင်လာသလောက် လောဘက ပိုပိုကြီးလာသော်လည်း ဘုရား၊ တရား၊ သံဃာအပေါ် ယုံကြည်မှုနှင့် ပတ်သက်၍မူ ဘုရားပင် ပုံမှန် မရှိခိုးဖြစ်တော့ပါ။ ၂၉နှစ်အရွယ် တရားနှင့် မတွေ့မီ လပိုင်းအလိုအထိ၊ (၃၈)လမ်း အခန်းတွင် ဘုရားစင် သီးသန့်မရှိခဲ့ပါ။

## (၄) စီးပွားရေးအောင်ပွဲခံအရည်အချင်းများနှင့် ကိုယ်တိုင်သိအမှန်တရား

ကိုယ်ပိုင်စီးပွားရေး စလုပ်ဖို့ အားယူစဉ်ကပင် အခက်အခဲ မှန်သမျှကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရပါလို၏ဟု ဘုရားရှိခိုးတိုင်း အမြဲဆုတောင်းခဲ့၏။

ရည်မှန်းချက် ကြီးမားလွန်းသော မိမိဘဝအတွက်တော့ စိတ်တိုင်းမကျမှုဆိုတာ အမြဲရှိနေသဖြင့် မရပ်မနားသော ကြိုးပမ်းမှုအသစ်များနှင့် အတူ ပြဿနာဆိုတာ ရှောင်လွှဲမရနိုင်ခြင်းကြောင့် အကောင်းဆုံးကျော်ဖြတ်ဖို့ကိုသာ အမြဲစဉ်းစား၏။

မိမိ လိုချင်၊ ဖြစ်ချင်သည့်အတိုင်းရကိုရရမည်၊ ဖြစ်ကို ဖြစ်ရမည် ဟူသော ယုံကြည်မှုအပြည့်ဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ရာမှ ကြုံတွေ့ရသော စီးပွားရေးလောက၏ အရှုပ်အထွေးပေါင်းစုံ၊ ဝန်ထမ်းပြဿနာပေါင်းစုံကို ကိုယ့်အားကိုယ်ကိုးပြီး (၇)နှစ် ဆက်တိုက်အစွမ်းကုန် ရင်ဆိုင်ဖြေရှင်း၏။

ပစ္စုပ္ပန်အချိန်အခါနှင့်အခြေအနေကို လိုက်၍ မှန်ကန်သော ဆုံးဖြတ်ချက်များ ပြောင်းလဲချမှတ်လုပ်ကိုင်ခြင်းဖြင့် ပြဿနာပေါင်းစုံဖြေရှင်းရာတွင်ပိုင် ကျွမ်းကျင်

www.burmeseclassic.com

လာခြင်းနှင့်အတူ စီးပွားရေး တစ်ရှိန်ထိုး အောင်မြင်လာ၏။ ထိုအတောအတွင်း ဖခင်ဘက်မှ ဦးလေး၊ အဒေါ်တို့၏ ပြန်လည်စေ့စပ်ပေးမှုကြောင့် မိဘများနှင့် ပြန်လည်သင့်မြတ်သွား၏။ သို့သော် လောကသားတို့ အရှုံးအမူး၊ အငမ်းမရ အလွန်အမင်း အထင်ကြီးအားကျနေသော ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှု၊ ငွေကြေး ချမ်းသာမှု၊ ထင်ပေါ်ကျော်ကြားမှု၊ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်၊ အစစအရာရာ ကိုယ့်ခြေကိုယ့်လက်ဖြစ်နေသော အပြည့်အဝ လွတ်လပ်မှု စသောလောကီအရည်အချင်းများတွင်ပါ ယုံကြည်စိတ်ချရမှု၊ ခိုင်ခန့်တည်မြဲမှု၊ စိတ်ချမ်းသာမှု၊ ကျေနပ်ရောင့်ရဲမှုနှင့် လောကဓံကို မတုန်မလှုပ် ခံနိုင်ရည်ရှိမှုများ မတွေ့ရသောအခါတွင်မူ စီးပွားရေး သမားဘဝ၏ အဓိပ္ပာယ်၊ အနှစ်သာရ နှင့် ချမ်းသာအစစ်ဆိုသည်မှာ ဘာမှန်း မသိအောင် လမ်းစပျောက်သွား၏။

## (၅) ကံဆိုးခြင်းကြောင့် မာန်မာနကျ (ကံကောင်း) ၏။

စီးပွားရေးလောကထဲတွင် 'ငါ' ဟူသော အထင်များဖြင့် ရှန်းကန်တိုက်ပွဲဝင်ရင်း အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်၍ အောင်မြင်မှုများ ရယူနိုင်လေလေ၊ ငါ့ဉာဏ်စွမ်း၊ ငါ့ဝီရိယအားဟု တငါငါဖြင့် မာန်မာန ပိုပိုတက်လေလေဖြစ်၏။

လုပ်သမျှဖြစ်လေလေ၊ ဘာလုပ်ရမှာကိုမှ မကြောက်တော့။ ထိုအားကြီးသော လောဘ၊ ဒေါသ၊ မောဟများကြောင့် အောင်စတိုး အမှတ်(၃)ကို ဖွင့်လှစ်ရန် ဆိုင်ခန်းငှားရမ်းရင်း ပိတ်ထားသော ထိုအခန်းထဲရှိ ပိုးဟပ်ပေါင်း မြောက်မြားစွာကို ခြင်ဆေးဗူးကြီးနှစ်ဗူးကုန်အောင် ဖြန်း၍ ရက်ရက်စက်စက် သတ်ခဲ့မိ၏။ ခြင်၊ ယင်၊ ခြ၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ ကြွက်စသော တိရစ္ဆာန်များသည် လူသားများအတွက် အန္တရာယ်ဟု ယူဆကာ အကျင့်ပါနေသည့်အတိုင်း တစ်ကောင်စ၊ နှစ်ကောင်စ ဆိုသလို အမြဲလိုလို သတ်ဖြတ်လာခဲ့သဖြင့် ယခုလို များများစားစား သတ်ဖို့လည်း ဝန်မလေးခြင်းဖြစ်၏။ ပိုးမွှားများအား သတ်ခြင်းသည် အပြစ်ရှိသည်ဟု မသိနားမလည်၍ သတ်မိခြင်း ဖြစ်သော်လည်း သေစေလိုသောစေတနာက အပြည့်အဝပါနေ၏။

> လောကက သတ်မှတ်ထားသောတရားဥပဒေအရ အပြစ်မရှိသဖြင့် အရေးယူအပြစ်ပေးခြင်း မခံရပါသော်လည်း အမြဲရှိနေသော သဘာဝတရား ဥပဒေအရမူ အပြစ်ဖြစ်နေပါသဖြင့် ထိုအားကြီးသော မိမိ၏ အကုသိုလ်ကံသည် ချက်ချင်းလက်ငင်းအကျိုးပေး၏။

www.burmeseclassic.com

ဆိုင်သစ်မဖွင့်မီ အခန်းပြင်နေဆဲမှာပင် မီတာဖြတ်ခံရသဖြင့် မီးပြန်ရဖို့ တစ်လကျော်ကြာအောင် အလုပ်ရှုပ်သွားခဲ့၏။ ထိုဆိုင်သစ် ဖွင့်ပြီး မကြာမီမှာပင် ငွေနှစ်သောင်းကျော် တန်ဖိုးရှိ စပို့ရှပ်အထည်များ ဘယ်လိုမှ လက်သည်သဲလွန်စ ရှာမရအောင် ပျောက်ဆုံးသွား၏။ ဆုံးရှုံးမှု တန်ဖိုးက မပြောပ လောက်သော်လည်း ပြဿနာပေါင်း မြောက်မြားစွာ ဖြေရှင်းလာခဲ့ပြီးမှ လုံးဝ အဖြေရှာမရသည့် ထိုပြဿနာကြောင့် မိမိနားမလည် မဖြေရှင်းနိုင်တာတွေ လောကကြီးမှာ ရှိသေးပါလားဟု မာန်မာန အကြီးအကျယ်ကျရ၏။ ဘယ်လိုပင် အစွမ်းကုန် ကြိုးစားကြိုးစား ထိုဆိုင်သစ်မှာ အရောင်းအဝယ် ကောင်းမလာ သည်ကိုလည်း မယုံနိုင်စရာ ကြုံတွေ့ရ၏။

ထို့နောက် ကုန်ပစ္စည်း ဖြန့်ချိရာတွင် သုံးသည့် (Sunny PickUp) ကား ဒရိုင်ဘာ၏ အမှားကြောင့် ကားချင်းတိုက်မှုဖြစ်ရာမှ လျော်ကြေးပေး၊ ကားပြန်ပြင်ရ သည့်စရိတ် ငွေနှစ်သိန်းခွဲကျော် ကုန်ကျသွားပြန်၏။ ရှေ့ပိုင်းပျက်စီးသွားသော ကားငယ်လေးကို ဆိုင်မန်နေဂျာနှစ်ယောက်နှင့်အတူ (LiteAcePickUp) ကားကြီးနှင့် ကမာရွတ်မှ ပုဇွန်တောင်အထိ ညဥ့်နက်သန်းခေါင်ကျော် သွားဆွဲပို့ရသည့် ဒုက္ခ ကလည်း တရားနှင့်သာမတွေ့ပါက ဘယ်လိုမှမမေ့နိုင်စရာ ဒုက္ခဖြစ်၏။


ထိုအချိန်ကမူ ဘာကြောင့် အကုသိုလ် ဖိစီးခံရမှန်း နားမလည်ခဲ့။ တရား အားထုတ်ရင်း လောဘ၊ ဒေါသ၊ မောဟ နည်းလာတော့မှ တိရစ္ဆာန်များအား သေစေ လိုခြင်းသည် အကုသိုလ်ဖြစ်ပြီး၊ ထိုအကုသိုလ်အားကြီးသွားခြင်းကြောင့် ချက်ချင်း မကောင်းကျိုးပေးခြင်းဟု ဉာဏ်ရှင်းသွား၏။

ဘဝတူလူသားချင်း တမင်တကာ မညှင်းဆဲသော်လည်း (၃၁)ဘုံသားချင်း ဖြစ်သောတိရစ္ဆာန်များအား စိုးရိမ်ထိတ်လန့်၊ အသက်ဆုံးရှုံးအောင် လုပ်နေသော ကြောင့် မိမိလည်းတူသောအကျိုးပေးကာ စိုးရိမ်ထိတ်လန့်နေရခြင်း ဖြစ်၏။ သူများ အသက်နည်းတူ မိမိအသက်နှင့်ပတ်သက်၍လည်း အထူးတန်ဖိုးမထားခြင်းကြောင့် တရားသာအားမထုတ်ဖြစ်ပါက နာမည်ကျန်ရစ်ပြီး သေရခြင်းက ပိုကောင်းသည် ဟူသော ကိုယ့်အစွဲနှင့်ကိုယ် အသက်တိုမည်ကိုလည်း သိနားလည်လာ၏။

(တရားအားထုတ်၍ ခန္ဓာငါးပါး၊ သင်္ခါရတရားတို့၏ တူညီသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ အမှန်တရားတို့ကို ပိုပိုသိလာလေလေ သတ္တဝါအားလုံးလိုလိုကို တစ်သားတည်း ထားလာနိုင်ခြင်းကြောင့် သီလလုံလာလေလေ ဖြစ်၏၊ သူတစ်ပါးအသက်

အန္တရာယ်မထိခိုက်အောင် စောင့်ထိန်းလာနိုင်သဖြင့် မိမိအသက်အန္တရာယ်အတွက်လည်း ပူစရာမရှိဖြစ်ကာ ငယ်ငယ်ရွယ်ရွယ်နှင့် မသေနိုင်တော့သည်ကိုပါ နားလည်လာ၏။)

## (၆) ၂၉–နှစ်တွင် သစ္စာတရားနှင့် စတွေ့ခြင်း



အကုသိုလ်ကံများ၏အကြီးအကျယ် ဖိစီးနှိပ်စက်အကျိုးပေးခြင်းကို ခံနေရဆဲတွင် အရှုံးပေါ်နေသော ထိုဆိုင်ခန်း ဆက်ငှား၊ မငှားကိစ္စအတွက် ကုန်စျေးတန်းလမ်းရှိ အခန်းရှင် ဒေါ်မူမူနှင့် စကားပြောဆိုရင်း မထင်မှတ်ဘဲ တွေ့ရသော ပထမဆုံး ဓမ္မမိတ်ဆွေ ဒေါ်သောင်းသောင်း (ဒေါ်မူမူ့ အမ)၏ ဖိတ်ခေါ်ချက်အရ မိမိအချိန်ပေးနိုင်သလောက် အချိန်ပိုင်း အားထုတ်၍ ရသည်ဆိုသော အင်းစိန် (၁၀)မိုင် ရွာမကြီးကျောင်းရှိ(၅)ရက်တရားစခန်းလေးသို့ မန်နေဂျာ တစ်ယောက်နှင့်အတူ (၁၆-၃-၉၉) တွင် စရောက် သွား၏။

သက်တော်(၈၀)နီးပါးရှိ ဆရာတော်ကြီးဦးနာရဒ ဟောကြားသော ရဲရဲတောက်သစ္စာတရားကို ပထမဆုံးအကြိမ်နာကြားရရာမှ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ၊ ယောကျ်ား မိန်းမဟု အမျိုးမျိုး **တကယ်ကွဲပြားနေခြင်း မဟုတ်ဘဲ** တူညီသည့် **စိတ်-စေတသိက်-ရုပ်၊ သဘော ပရမတ်ခန္ဓာငါးပါး ချည်းပဲ** ဟူသောအသိဝင်လာ၏။

ထိုအသိကို ပိုပြီး ပိုင်ပိုင်နိုင်နိုင် သိလိုစိတ်ဖြင့် (၅)ရက် ဆက်တိုက် မနက်တိုင်း တရားသွားထိုင်၏။

(ဘဝတူ လူတန်းစားများကို ကိုယ်ချင်းစာစိတ်ဖြင့် ၄၅လမ်းရိပ်သာတွင် မည်သူ့ကိုမဆို အချိန်မရွေး လွတ်လွတ်လပ်လပ် တရားလာထိုင်ခွင့်ပေးထားခြင်း ဖြစ်၏။)


ထိုင်ပြီး - စိတ်နဲ့လုပ်ရတဲ့ အလုပ်ဖြစ်၍ ဘာမှ မခက်ဟု အမြင်အားဖြင့် ထင်စရာရှိသော်လည်း ပထမဆုံးရက်တွင် ၁၀မိနစ်ပင် ငြိမ်ငြိမ် ထိုင်၍မရ။ နှင်းရှိအလိုလိုက်ထားသော စိတ်က ဘယ်လိုမှ ထိန်းမရအောင် ယောက်ယက်ခတ်နေ၏။ ကိုယ်ခန္ဓာကို အလိုလိုက်ငဲ့ညှာတာ အကျင့်ပါနေသဖြင့် ဝေဒနာက များလည်းများ၊

www.burmeseclassic.com

ပြင်းလည်း ပြင်း၏။ ဘာမဆိုငါလုပ်ရင်ဖြစ်မယ်ထင်သော မာန်မာနသည် ပထမ တစ်ကြိမ်တရားထိုင်သည်နှင့်ပင် အတော်လျော့သွား၏။

(၅)ရက်မြောက်နေ့တွင် ဝင်လေထွက်လေကို တစ်၊နှစ်၊သုံး၊လေး ရေတွက်ရင်း သမာဓိ ပိုပိုတည်ကြည်လာသည့်နောက် (ဒုက္ခ)ဝေဒနာဆိုတာကိုယ်ထင်ထားသလို အတုံးလိုက်-အတစ်လိုက်မဟုတ်ဘဲ **ဖြစ်စဉ်တစ်ခု၊ တစ်ခုစီမှန်းနှင့် ထိုဖြစ်စဉ် တိုင်းသည် ကိုယ့်သဘော-အတ္တ လုံးဝကင်းမှန်း သိလာ၏။** ထိုမှတစ်ဆင့် ဝေဒနာ တစ်ခု၏ဖြစ်စဉ်သည် ပိုပိုမြန်လာပြီး နောက်ဆုံးတွင် **တစ်ခုခုပဲ (ဝေဒနာပဲ၊ သိစိတ်ပဲ)ဟု ဆိုစရာမရှိတော့သည့် ဖြစ်ရုံလေး-ဖြစ်နေသည့် သစ္စာတရား**ကို မိနစ်ပိုင်း ခန့်ကြာသည်အထိ ဆက်ဆက်သိလာ၏။ ထိုအခိုက်တွင် ဝေဒနာချုပ် သွားမည်ဟု မျှော်လင့်သော ကိလေသာစိတ်ကြားထိုးလာခြင်းကြောင့် ဝေဒနာ တိုးလာပြန်၏၊ ထိုသို့ ဉာဏ်ထက်လာလိုက် မျှော်လင့်ချက် ကိလေသာ ကြားဝင် ထိုးလိုက်နှင့် တော်တော်ကြာသွား၏။

ဝေဒနာချုပ်မှာပဲ ဟူသော မျှော်လင့်ချက် လုံးဝ ကုန်ဆုံးသွားသည့်စုစုပေါင်း တရားထိုင်ချိန် နှစ်နာရီနီးပါးအကြာ ဘယ်လိုမှမမျှော်လင့်ထားသောအချိန်တွင်မှ (ဒုက္ခ)ဝေဒနာ၏ အကြောင်း လက်သည်အစစ်ဖြစ်သည့် **<u>ဝေဒနာရှိသည်ဟု ထင် နေသော မိမိ၏အယူများ၊အမှတ်များ၊အသိများ</u>** <u>(ဝေဒနာနိစ္စ)အစွဲပြုတ် သွားခြင်း နှင့်အတူ</u> မည်သည့် လောကီ အသိ၊ လောကီ အောင်မြင်မှုကမှ မပေး စွမ်းနိုင်သော စိတ်၏လွတ်လပ်မှု ၊ငြိမ်းအေးမှုအစစ်ကို ကိုယ်တွေ့(ဉာဏ်တွေ့) ကြုံရ ခြင်းကြောင့် လူ့လောကထဲမှ ဘုရား၊တရား၊သံဃာအပေါ်၌ပါ ပထမဆုံးအကြိမ် လေးလေး နက်နက် စိတ်ဝင်စားလာ၏။



စီးပွားရေး လုပ်ကိုင်နေရင်းပါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ(တစ်ယောက်ယောက်)က စီးပွားရေး (တစ်ခုခုကို) လုပ်ခြင်းမဟုတ်၊ အကြောင်းအကျိုးမှန်း ဉာဏ်ရှင်းနေ၏။ ထင်ရှားသော ဒုက္ခဝေဒနာ ပေါ်တိုင်းလည်း ချက်ချင်း ဆိုသလို **<u>ဝေဒနာ၏ ဖြစ်ရုံသက်သက်ကလေးမျှသာ ဖြစ်ခြင်း၊ တစ်ခုခုပဲ၊ ဝေဒနာပဲဟု ဆိုစရာ မရှိခြင်း</u>** အနတ္တအမှန်တရား အသိဉာဏ်အလိုလိုပေါ်နေခြင်းကြောင့် ၁၉၉၉သည်ကြန်၌ ထိုကျောင်းတွင်ပင် ပထမအကြိမ်ဒုလ္လဘ ရဟန်းခံရင်းပထမအကြိမ် စချိန်ပြည့်

www.burmeseclassic.com

www.burmeseclassic.com 

(၅)ရက် တရားစခန်းဝင်ဖြစ်သွား၏။

စခန်းရက်အတွင်း တစ်ခု၊ တစ်ယောက်၊ တစ်ချိန်၊ တစ်နေရာဆိုသည့် သတ်မှတ်ချက် ပညတ်များ လုံးဝကင်းသည့် ဝိပဿနာဉာဏ် ဆက်တိုက်ပြန် ဖြစ်အောင် အစွမ်းကုန် ကြိုးစား၏။ လေးရက်မြောက်နေ့မှစ၍ ဝိပဿနာဉာဏ် အစစ်သဘောကိုကောင်းကောင်း သိသွားသလို နောက်ပိုင်း အားထုတ်ရာတွင်လည်း ဝိပဿနာဉာဏ်များများဖြစ်ဖို့ လမ်းပွင့်သွား၏။

ယခင် အားထုတ်စဉ်က ဉာဏ်ဖြစ်သွားသော်လည်း ဉာဏ်အကြောင်း ရှင်းရှင်း လင်းလင်း မသိသေးပါ။

(တရားအတွေ့အကြုံများရှင်းပြရာတွင် ဝေဒနာဟူသော တူညီသည့် ပညတ် စကားသာသုံးစွဲသော်လည်း နောက်ပိုင်းကျလေ ဝေဒနာဟူသော ပညတ် နောက်ကွယ်က ပရမတ် အမှန်တရားက ပိုမို သိမ်မွေ့လေဖြစ်လေ၏။)

## (၇) __နေ့စဉ် ပုံမှန် မပြစ်မနေ တရားထိုင်ခြင်း__

၅ရက်စခန်းပွဲအပြီးတွင် ၃၈လမ်းအခန်း၌ နေ့စဉ် နံနက်တိုင်း (စီးပွားရေး မလုပ်မီ) တစ်ရက်(၁)နာရီ ပုံမှန်တရားထိုင်၏။ တစ်ရက်တစ်နာရီ ကိုယ်ကြိုက်တာ မလုပ်ဘဲ ကိုယ့်စိတ်ကိုဆန့်ကျင်၊ ကိုယ့်ကိလေသာကို မဖြစ်မနေသတ်ခြင်းဖြစ်၏။

လောကီအလုပ် များလွန်း၍ တရားထိုင် ပျက်သွားလျှင် နောက်ရက် အစားထိုး ပြန်ထိုင်၏။

နေ့စဉ် တရားထိုင်ရာတွင် အကျိုးသင်္ခါရ (အဖြစ်နောက်၊ လိုက်မရှုဘဲ၊ အသိ နောက်မလိုက်ဘဲ) . . . အစွဲဖြုတ်ပြီး ပြုလုပ်မှုအကြောင်း သင်္ခါရ (ပစ္စုပ္ပန် ယုံကြည်မှု သဘော ပရမတ်ခန္ဓာ)၏ တစ်ခု၊တစ်ယောက်၊တစ်ချိန်၊တစ်နေရာမဟုတ်ဘဲ ဖြစ်ရုံလေးဖြစ် (ယုံကြည်ရုံလေးယုံကြည်) နေသည့် အမှန်တရားကို သိနေဖို့ သာ အဓိကထား၏၊

ပရမတ်ခန္ဓာက ဟောသောတရားကို ဘယ်လိုမှနာမရသောအခါမျိုး၊ တရား နှလုံးသွင်းချင်စိတ် လုံးဝမရှိသောအခါမျိုးမှသာ မိုးကုတ်ဆရာတော်ကြီး၏ တိုက်တွန်း တရားခွေများကို ဖွင့်နာခြင်းဖြင့် စိတ်ဓာတ်အင်အား အကူအညီယူ၏။ ဆရာ တော်ကြီး၏ အဆုံးအမအတိုင်းသွားလာ၊ လုပ်ကိုင်ရင်းပါ **ပစ္စုပ္ပန် အကြောင်း သင်္ခါရ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တအမှန်တရားကို** မပြတ်သိနေအောင်ကြိုးစား၏။

ထိုအသိကလွဲလျှင် အားကိုးစရာမရှိခြင်း-အမှန်တရားကိုလည်း ကျကျေ


www.burmeseclassic.com

နပ်နပ်လက်မခံ၊ခံနိုင်အောင် ကြိုးစား၏။

ဉာဏ်မျက်လုံး ပွင့်လာသည်နှင့်အမျှ အနှစ်သာရ လုံး၀မရှိမှန်း ရိပ်မိလာသောလောကီ (ငါ၊ ငါ့ဥစ္စာဖြစ်ဖို့)အလုပ်များကိုတဖြည်းဖြည်းချင်း လျှော့လာနိုင်၏။ တရားနှင့်မတွေ့မီ မနက်တိုင်း ထပြေးသောအကျင့်သည်ပင်လျှင် ပုံမှန်တရားထိုင်လာသည်နှင့်အမျှ ပြေးစရာမလိုတော့ဘဲ နေလို့ ကောင်းနေ၏။ တစ်သံသရာလုံးလုပ်လာခဲ့သဖြင့် မလုပ်ရ မနေနိုင်အောင် အရှုပ်အမူး စွဲလမ်းနေသော လောကီအလုပ်အကိုင်များကို လျှော့လုပ်လေလေ လောဘ၊ဒေါသ၊မောဟ ပိုပိုနည်းလာပြီး ပရမတ္ထသစ္စာတရားနှင့် ပတ်သက်သော အသိဉာဏ်ပိုထက်လေလေဖြစ်၏။

## (၈) တရားအလှူတော်လုပ်ငန်း စတင် ဖွင့်လှစ်ခြင်း

နေ့စဉ် ပုံမှန်တရားထိုင်နေရင်း လမ်း-၅၀ ဆည်းဆာ တရားခွေ အငှားဆိုင်မှ အလုပ်ပေးတရားခွေများ ငှားရမ်း၍ ပုံမှန်တရားနာဖြစ်၏။ ငါးရက်တရားစခန်း လေး၊ ငါးကြိမ်ခန့် ကိုယ်တိုင်လည်း၀င်ရင်း တရားထိုင်လိုသူများကိုလည်း အင်းစိန် (၁၀)မိုင် ရိပ်သာသို့ခေါ်သွားပေး၏။ တရားနှင့်စတွေ့ပြီး တစ်နှစ်နှင့် သုံးလကြာသော် (၁-၆-၂၀၀၀)တွင်မှသာ တရားခွေများသာငှားသည့် ဆည်းဆာ၏ လိုအပ်ချက်ကို ဖြည့်သောအနေဖြင့် အဝိဇ္ဇာမှဝိဇ္ဇာသို့ အမှန်တရားအလှူတော်လုပ်ငန်း ဖွင့်လှစ်၏။ တရားရိပ်သာများမှ ထုတ်သော တရားစာအုပ်များကို ငွေကျပ်သုံးသောင်းခန့်ဖြင့် လိုက်လံ၀ယ်ယူပြီး အခမဲ့ ငှားရမ်းပေးခြင်းဖြစ်၏။ ငှားရမ်းသော စာအုပ်များ ဆုံးချင်လည်းဆုံး ဟူသောစိတ်ဓာတ်ဖြင့်စွန့်စား လုပ်ကိုင်ခဲ့၏၊တရားခွေများ၊ စီဒီ၊ ဗီစီဒီများကိုနောက်မှ လိုအပ်သလို တိုးချဲ့ ဖြန့်ချိခြင်းဖြစ်၏။



တရားအလှူတော် လုပ်ငန်းဖွင့်ပြီးနောက် ဓမ္မမိတ်ဆွေများက လာလှူသော သဲအင်းဂူဆရာတော်၏ တရားခွေများ နာရရာမှ စိတ်စင်ကြယ်ခြင်းအဆင့်ဆင့်ကို ရိပ်မိလာသလို သဲအင်းဆရာတော်၏ဝီရိယအား အကူအညီကိုပါရ၏။

(ကိုယ်တိုင်တရားဟောရာတွင်အလုပ်ပေးတရားများကိုသာ ဟောကြားပြီး လက်တွေ့ တရားထိုင်ခိုင်းခြင်းသည် ဝိပဿနာတရားစစ်စစ် အားထုတ်ရန် ခက်ခဲသောထိုပြဿနာကိုမိမိ၏သီလ၊သမာဓိ၊ပညာအားဖြင့်အစွမ်းကုန် ကူညီဖြေရှင်းပေးခြင်းဖြစ်၏။)

www.burmeseclassic.com

## (၉) ပထမအကြိမ် ၁၀–ရက် တရားစခန်းဝင်ခြင်း

တရားအလှူတော်လုပ်ငန်းတွင် အခမဲ့ငွေးရမ်းပေးရန်အတွက် တရားစာအုပ်များကို ရိပ်သာများသို့ ကိုယ်တိုင်သွားရောက်ဝယ်ယူရာမှ တရားရိပ်သာအများစုသို့ စတင် ရောက်ဖူးသွား၏။ ဦးဘခင်ရိပ်သာသို့ ပထမဆုံး အကြိမ်စရောက်သည်နှင့် ရိပ်သာ၏ ငြိမ်သက်တိတ်ဆိတ်မှုကြောင့် တရားထိုင်လိုစိတ် ပေါ်လာ၏။ စုံစမ်းကြည့်ရာ တစ်ဦးစာ နေရာကျန်ကြောင်းသိရ၍ နောက်တစ်ရက်တွင် စာရင်းသွားပေးပြီး တရားစခန်းဝင်ဖြစ်သွား၏။

၁၀-ရက်စလုံး ပုံမှန်တရားထိုင်ချိန်များ အပါအဝင် အချိန်ရှည် (၄)နာရီ ဆက်တိုက် နေ့စဉ် တရားထိုင်၏။ ကိုယ်တိုင်မွေးမြူခဲ့သည့်အား ကြီးပြင်းထန်သော ကိလေသာမီးကို ကိုယ်တိုင် ခက်ခက်ခဲခဲ ပြန်လည်ငြိမ်းသတ်ရခြင်းဖြစ်၏။

ဝေဒနာ၏အချည်းနှီး အနတ္တ အမှန်တရားကို များများသိလေ ဝေဒနာကို အဟုတ်ထင်ပြီးငြိတွယ်နေသော အစွဲလျော့လာခြင်းကြောင့် ဝေဒနာခံရမှုလည်း သက်သာလာလေဖြစ်၏။ (၇)ရက်မြောက်နေ့ လေးနာရီ ဆက်တိုက်တရားထိုင်စဉ် အတွင်း ဝေဒနာစွဲလုံးဝချုပ်ပျောက်သွားခြင်းနှင့်အတူ အနတ္တဉာဏ် ပေါ်လာပြန်၏။ တရားဖြုတ်လိုက်သော်လည်း ပစ္စုပ္ပန်စိတ်မှန်သမျှကို မဆိုင်မှန်းသိသည့်ဉာဏ် က အချိန်တိုင်း ဦးစီးလျက်ရှိ၏၊ ဘာပဲလုပ်နေနေတကယ်ရှိတာက သဘော ပရမတ် ခန္ဓာငါးပါးအသစ်အသစ်၊ ထိုအမှန်တရားကိုသိသည့် ဉာဏ်ကလည်းအချိန်တိုင်း အသစ်၊ ငါမဟုတ်တော့ ပြာယာခတ်စရာ မရှိ၊ ပူစရာလည်းမရှိ၊ ချမ်းသာလိုက်တာမှ ပြောစရာစကားမရှိ။ ထိုချမ်းသာကြောင့်ရှေ့ဆက်ပြီး တရားအားထုတ်လိုက်လျှင် လူ့ဘဝဖြင့် ဆက်မနေနိုင်တော့ဘဲ ဘုန်းကြီးဝတ်ချင်စိတ်ဖြစ်လာမလား ဟူသော အတွေးဝင်လာ၏။ စီးပွားရေးအရှုပ်တွေတစ်ဖက်နှင့် ဘုန်းကြီးဝတ်ချင်စိတ်မရှိသဖြင့်လည်း ထိုအတွေးဝင်လာခြင်းဖြစ်၏။ တကယ်ရှိ ပရမတ်ဉာဏ်ကြားထဲ တကယ်မရှိသည့် ပုဂ္ဂိုလ်၊ သတ္တဝါအထင်မှားအတွေး ကိလေသာ ကြားဝင် နှိပ်စက်ခြင်းကို အတော်လေးခံလိုက်ရ၏။

မမျှော်လင့်ထားသော ပြဿနာကြောင့် ဘာဆက်လုပ်ရမှန်းမသိဘဲ ခေတ္တ တွေဝေနေမိပြီးမှ လက်ရှိ ကြုံတွေ့နေရသော တရားချမ်းသာကြောင့် ဖြစ်ချင်ရာဖြစ် နောက်မဆုတ်တော့ဘူးဟု ဆုံးဖြတ်ကာ (၈)ရက်မြောက်နေ့တွင် ထိုင်နေကျ(၄)နာရီ အစား (၇နာရီခွဲ)ဆက်တိုက် တရားထိုင်ရန်ဆုံးဖြတ်၏။ ကိလေသာကြားဝင်သွားပြီး

www.burmeseclassic.com 

မှချမှတ်သောဆုံးဖြတ်ချက် ဖြစ်သောကြောင့်လိုချင်မှု ပါနေသည်ကို မရိပ်မိဘဲ အချိန်ထပ် တိုးထိုင်ခြင်းကြောင့် ခြောက်နာရီကြာ တရားထိုင်အပြီးဘယ်လိုမှ မခံမရပ်နိုင်သောဝေဒနာဆိုးဖြင့် တရားဖြုတ်လိုက်ရ၏။

ရိပ်သာမှထွက်လာပြီးနောက် နေ့စဉ်ပုံမှန် တရားထိုင်ချိန်နှင့် သွားလာနေထိုင်ရင်း တရားနှလုံးသွင်းမိချိန် ပိုများလာသည်နှင့်အမျှ လောကီအလုပ်များ၏ အပြစ်ကို ပိုနားလည်လာ ခြင်းကြောင့်တရားနှင့်မတွေ့မီက ငါဟူသောအထင်မှားဖြင့် ဆယ်တန်းဖြေပြီးချိန်မှ တက္ကသိုလ်ကျောင်းသားဘဝအထိ အရူးထ ရေးသားခဲ့သော နေ့စဉ်မှတ်တမ်းဒိုင်ယာရီစာအုပ်များ၊ ဓာတ်ပုံအယ်လ်ဘမ်များအားလုံးကို (ပြန်မြင်နေရလျှင် အရူးနာပြန်ပြန်ထလာသဖြင့်)နောက်လည်း ဘယ်တော့မှ ပြန်ရေးတော့မည်မဟုတ်ဟု ဆုံးဖြတ်ကာ ပုဇွန်တောင်ချောင်းထဲ လုံးဝ စွန့်ပစ်လိုက်၏။ ယခုကဲ့သို့ တရားသဘောဖြင့် ခက်ခက်ခဲခဲအချိန်များစွာ အကုန်ခံပြီးပြန် ရေးပြခြင်းမှာ အများအကျိုးအတွက် သက်သက်ဖြစ်၏။

## (၁၀) ဒုတိယအကြိမ်–၁၀ ရက် တရားစခန်းဝင်ခြင်း

BURMESE CLASSIC .com

ဘာတွေ၊ ညာတွေ၊ ဘယ်သူဘယ်ဝါ၊ ဘယ်နေရာ ဘယ်အချိန်အခါ ဟူသော သတ်မှတ်ချက်များကို စိတ်က လက်ခံလေလေ၊ ဖြစ်ရုံလေးဖြစ်နေသည့် စိတ်၏ ပရမတ် အမှန်တရား ကွယ်ပျောက်လေလေ ဖြစ်ခြင်းကြောင့်မိမိ၏လိုချင်မှု၊ ဖြစ်ချင်မှု၊ ပူပန်မှု၊ ငါထင်မှုများကသာ ပရမတ်သာသနာကို ဖျက်နေသည့် ရန်သူအစစ် ဖြစ်ကြောင်း ရိပ်မိလာ၏။ လောကီကို များများအာရုံပြုလေလေ လောကုတ္တရာ ချမ်းသာနှင့် ဝေးလေလေဖြစ်၍ တရားထိုင်ရာတွင် အနှောင့်အယှက်နည်းစေရန် စီးပွားရေးလုပ်ကိုင်ရင်းပါ လုပ်သူငါလည်းမရှိ၊လုပ်စရာလည်း မရှိ၊အလုပ်ပြီးပြီး မပြီးပြီး၊ ရှုံးရှုံးမြတ်မြတ် ဘာမှတကယ်မဟုတ်တဲ့အတွက် ဘယ်လိုဖြစ်ဖြစ် ဟူသော အမှန်တရားကို ရှေ့တန်းတင် လုပ်လာနိုင်သည်နှင့်အမျှ မလုပ်မဖြစ်သော လောကီ အလုပ်များဟု ထင်ရအောင် မရပ်မနားအကြောင်း အမျိုးမျိုးပြလှည့်စား ခိုင်းစေနေသည့် တရားခံသည်လည်း မိမိ၏အစွဲ (လောဘ၊ဒေါသ၊မောဟ) သာဖြစ်ကြောင်း ပိုရှင်းလာ၏။ ကိလေသာသတ်ရန် ရိပ်သာဝင်ပြီး ပြင်းပြင်းထန်ထန် တရားအားထုတ်ချင်ပါသော်လည်း လုပ်ချင်စိတ်ဖြင့်လုပ်လျှင် လောဘမကင်းသဖြင့် ထိုစိတ်ပေါ်ပြီး နိုင်အောင်စွန့်၏။

www.burmeseclassic.com

ဦးဘခင်ရိပ်သာမှ ထွက်လာပြီး(၈)လအကြာ၌ ဦးဂိုအင်ကာရိပ်သာ ဘုန်းကြီး တရားပတ်မှ ထွက်လာသောဦးပဥ္စင်းတစ်ပါး၏ တိုက်တွန်းချက်အရ ဒုတိယအကြိမ် (၁၀)ရက် တရားစခန်းအဖြစ် ဦးဂိုအင်ကာရိပ်သာဝင်၍ နေ့စဉ်အချိန်ရှည် (၈)နာရီ တစ်ဆက်တည်း တရားထိုင်ခြင်း အပါအဝင် စက္ကန့်မလပ် အထူးကြိုးစား၏။ ကိုယ်တိုင် အပါအဝင် တရားအားကိုးသူတိုင်း ရင်ဆိုင်ကြုံတွေ့နေရသော တရားရှု မှတ်နည်းနှင့် ပတ်သက်သည့် နားလည်မှုလွဲမှားစရာ၊ သံသယဖြစ်စရာများကလည်း အများကို ကူညီလိုသော မိမိ၏ ပင်ကိုယ်အရင်းခံစိတ်ကို နှိုးဆွပေးခြင်းကြောင့် ကြိုးကြိုးစားစား တရားအားထုတ်ဖြစ်ခြင်းဖြစ်၏။

ပထမနေ့ မနက်ပိုင်း တရားစမထိုင်မီ ဘုရားရှိခိုးလိုက်ပြီးမှ တရားထိုင်ခန်းမ အတွင်း၌ ဘာဘုရားဆင်းတုတော် ပုံတော်မှ မရှိသည်ကို သတိပြုမိ၏။ တရား နားလည်လာချိန်မှစ၍စိတ်က ဖန်ဆင်းထားသော ပုံသဏ္ဍာန်ကို အစွဲလျှော့လာသဖြင့် ဘုရားရှိခိုးလည်း ပုံတော်ကို အာရုံမပြုတော့ဘဲ ပစ္စုပ္ပန်စိတ်အစဉ်၌ အတ္တ ကင်းနိုင် သမျှကင်းနေဖို့သာ ကြိုးစားလေ့ ရှိသော်လည်း နေရာသစ် ဖြစ်သဖြင့်သာ ဂရုစိုက် မိခြင်း ဖြစ်၏။ ထိုနေ့ တစ်မနက်ခင်းလုံး တရားထိုင်ရာတွင် စိတ်က အနှောက်အယှက် မကင်း၊ အနတ္တကောင်းကောင်း မစိုက်ဖြစ်နေ၏။ ရိပ်သာသို့ရောက်စ ညနေ တစ်ဦးတည်း တရားထိုင်စဉ်ကပင် ပုံမှန်အနတ္တစိတ်အခြေအနေ ဖြစ်သေးသဖြင့် ယခုမှ ဘာဖြစ်မှန်း အဖြေရှာမရအောင်ဖြစ်ရ၏။

နေ့ဆွမ်းစားပြီးသောအခါ ရိပ်သာထဲ လှည့်လှည့် ကြည့်ရှုရင်း သီးခြားအခန်း လေးတွင် ဘုရားဆင်းတုတော်ကို ဖူးတွေ့ရ၏။ ဦးချရှိခိုးပြီးဘုရားရှေ့တွင်တရား ထိုင်သောအခါမှ ဖြစ်နေကျ အနတ္တစိတ်ပြန်ဖြစ်၏၊ထိုအခါမှ တရားရိပ်သာဖြစ်ပြီး ဘုရားဆင်းတုတော်တောင် မရှိဟု ထင်မိခြင်းနှင့်အတူ ပုံမှန် ဖြစ်နေကျအနတ္တစိတ် အစဉ်ကြားတွင်ဖြစ်မှန်းပင် မသိဘဲ ဖြစ်ပေါ်နေသော အလိုမကျစိတ်အစဉ်များက တစ်စိတ်ချုပ်လိုက်နောက် စိတ်အစားထိုးလိုက်နှင့် ကြားထိုး တားဆီးနေခြင်း ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်ရ၏။

ဘုရားဖူးလိုက်ရမှ ဘုရားမရှိဘူး အထင်မှားနှင့်အတူ အလိုမကျစိတ်ပါ ပြေပျောက်သွားသလို ထိုစိတ်ဖြစ်မှန်းသတိထားမိ၍ အစွဲဖြုတ်နိုင်လျှင်လည်း ပုံမှန် တရားစွမ်းအင်ပြန် ဖြစ်မည်ပင်ဖြစ်၏။ ဖြစ်မှန်းပင် မသိဘဲဖြစ်လိုက်သောအလိုမကျ စိတ်အသေးစားကိလေသာလေးသည်ပင် အနတ္တ အမှန်တရားကို ဖုံးကွယ်နိုင်သည်

www.burmeseclassic.com

ဆိုလျှင် တရားအားမထုတ်ဘဲ အားကြီးသော လောဘ၊ဒေါသ၊မောဟဖြင့် အဖော်လုပ်နေသူများကိုယ့်ထင်မြင်ယူဆချက်မှန်သမျှကို အဟုတ်ထင်ပြီးတစ်ငါငါဖြင့် မာန်တက်ကာ ဘုရားအစစ်၊ တရားအစစ်ကိုနားမလည်၊ လက်မခံ၊ကန့်လန့်လုပ်ဘက်တိုက်နေကြသည်မှာ ဘာမှ အံ့သြစရာမရှိတော့ပါ။

ဆွမ်းစားရင်းပါ ကောင်းကောင်းဆိုးဆိုး သိနေသော အစွဲစိတ်ကို ဖြစ်ခွင့်မပေးဘဲ နှလုံးသားတွင် ဖြစ်ရုံလေး ဖြစ်နေသော စိတ်အသစ် အသစ်ကလေးများ၏ အချည်းနှီးသဘောကိုသာ အာရုံပြုပါများသောအခါ (၆)ရက်မြောက်ခန့်တွင် အစားနှင့် ပတ်သက်သည့် ဒုက္ခသစ္စာသဘောကို ကောင်းကောင်း နားလည်သွား၏။ ထို့နောက် ပုံမှန်စားကြည့်၏။ မြန်မြန်စားကြည့်၏။ အရသာ ခံချင်သည့်စိတ်လည်း မဖြစ်၊ အရသာခံကြည့်လည်း အရသာကို ငြိတွယ်သည့်စိတ် မဖြစ်တော့ဘဲ စားနေရသည့် ဒုက္ခကိုရော၊ အစားကိုပါ မငြိတွယ်ခြင်းနှင့်အတူ လူသားအများစုမက်မောနေသော အစားချမ်းသာ ဆိုသည်မှာ နာမည်မျှသာဖြစ်မှန်း ဉာဏ်ရှင်းသွား၏။ ထိုအချိန်မှစ၍ စားသောက်တိုင်း ထိုဉာဏ်က မပြတ်လိုက်ပါ စောင့်ရှောက်နေသဖြင့် ဘယ်နေရာမှာ ဘာပဲစားစား၊ မစားစားအစားနှင့် ပတ်သက်သည့်ဒုက္ခမှ အပြီးတိုင် လွတ်မြောက်သွားတော့၏။ ရိပ်သာဝင်တိုင်း အစားစွဲဖြုတ်ခဲ့သော်လည်း ယခုမှ တကယ်ပြုတ်ခြင်းဖြစ်၏။

နေ့လည်တစ်နာရီမှ ညကိုးနာရီအထိ ရှစ်နာရီ ဆက်တိုက်တရားစထိုင်သည့် ပထမရက်၏ လေးနာရီကျော်ကျော် (ပုံမှန်ရှိပြီးသား သတိ၊ဝီရိယ၊သမာဓိ၊ပညာ အင်အားကုန်ခန်းသွားချိန်)တွင် အင်မတန် ပြင်းထန်သည့် ဒုက္ခဝေဒနာ ပေါ်လာ၏။ ဖြစ်ချုပ်၊ ဖြစ်ချုပ်သဘောဖြင့် မပြတ်ဖြစ်နေသော ဝေဒနာကို ရှိနေသည်ဟု လက်ခံခံစားလေလေ၊ ဝေဒနာ တိုးလာလေလေဖြစ်၏။ ဝေဒနာကို တစ်ခုခုအနေ၊ သိစရာအနေဖြင့် လက်မခံဘဲ ဝေဒနာ၏ ဖြစ်ရုံလေး ဖြစ်နေသည့် အမှန်တရားကိုချည်းသာ သိသိနေအောင်ကြိုးစားလေလေ ဝေဒနာကိုရှိသည် အထင်မှားဖြင့် ခံစားသောစိတ်များ အဖြစ်နည်းလာသဖြင့် ဝေဒနာအခံရ သက်သာလေလေဖြစ်၏။ အချိန်ရှည်ဆက်ဆက်ထိုင်ရင်းဒုက္ခဝေဒနာကို အနိုင်ယူနိုင်လောက်အောင် သီလ၊ သမာဓိ၊ ပညာအား ကြီးလာပြီးသော(၅)ရက်မြောက်နေ့တွင် တစ်ခုခုကို ငါ၊ငါ့ဥစ္စာအဖြစ် မဆုပ်ကိုင်ရ မနေနိုင်သော တဏှာကြောင့် မှီခို၊ ဆုပ်ကိုင်၊အားကိုးစရာဘာဆို ဘာမှကို မရှိသောပရမတ်အမှန်တရားကို အလွန်ငြီးငွေ့လာ၏၊ ရိပ်သာမှ ချက်ချင်း ထွက်ပြေး

www.burmeseclassic.com

ချင်လာ၏။ ငြီးငွေ့လွန်းသဖြင့် (၆)ရက်မြောက်နေ့ ရှစ်နာရီဆက်တိုက် တရား ထိုင်ရာတွင် ထိုရှစ်နာရီ အချိန်သည် တစ်သံသရာလုံး ကြာသည်ဟုပင် ထင်မိ၏။ ဒီသံသရာဝဋ်ဆင်းရဲ အစွဲမပြုတ်လို့ သက်တမ်း အင်မတန်ရှည်တဲ့ ဗြဟ္မာဘဝများ ဖြစ်ရရင် ဒီဒုက္ခတွေကို မဆုံးနိုင်အောင်ခံရတော့မှာပဲဟု မိမိ စိတ်ကိုမပြတ်တွန်း အားပေးကာဆက်လက် အားထုတ်သောအခါမှ အစွဲကုန်သွားပြီး ထိုငြီးငွေ့စိတ်၏ နှိပ်စက်မှုလောင်းရိပ်အောက်မှ လွတ်မြောက်သွား၏။ (နောက်ပိုင်း သက်နိုးဝတ်ပြီး နှစ်ရှည်လများဆက်တိုက် တစ်နေကုန်တစ်နေခန်းမငြီးနိုင်မငွေ့နိုင် အများအကျိုး ဆောင်ရွက်၊သာသနာပြုနိုင်ခြင်းသည် ထိုငြီးငွေ့စိတ်ကို အပြီး သတ်ပစ်နိုင်ခြင်း ကြောင့် ဖြစ်၏။အချိန်ရှည်ထိုင်ခြင်းမှာ သီလ၊သမာဓိ၊ပညာအား အမြန်ဆုံး ကောင်းလာစေရန်ဖြစ်၏။)

ငြီးငွေ့စိတ်ကင်းသွားသော်လည်း ငြီးငွေ့စိတ်မရှိတော့သည်ကို သိသော အသိ၏ သိရုံလေး၊ ဖြစ်ရုံလေးဖြစ်နေသည့် အနတ္တအမှန်တရားကို လက်ခံနိုင်အောင် ဆက်ကြိုးစား၏၊ ထိုကဲ့သို့ဘာဘာညာညာ၊ ဘယ်သူ ဘယ်ဝါမဟုတ် ဖြစ်ကာမတ္တလေး ဖြစ်နေသည့် အနတ္တအမှန်တရားကိုချည်းသာ အချိန်ကြာနိုင်သမျှ ကြာကြာ ဆက်ဆက်လက်ခံနိုင်အောင် ကြိုးစားနိုင်ခြင်း၏ အကျိုးဆက်အဖြစ် (၇)ရက် မြောက်ခန့်နေ့တွင် မိမိစိတ်ဟု ထင်နေခဲ့မိသော သင်္ခါရတရား၏ မရေမတွက် နိုင်လောက်အောင် အလွန်လျင်မြန်စွာ မပြတ်တရစပ် ဖြစ်ရုံလေး ဖြစ်နေသည့် အမှန်တရားကို ရှင်းရှင်းလင်းလင်းနားလည်သောဉာဏ် မိနစ်အတော် ကြာကြာထိ ဖြစ်ပေါ်လာ၏။ တရားဖြုတ်ပြီးနောက်တွင်လည်း မိမိအလွန်အားကိုးခဲ့သော စိတ်၏ တကယ်ရှိမဟုတ်၊ နာမည်မျှသာ ဖြစ်သည့်အမှန်တရားကို ဖော်ပြစရာ စကား မရှိအောင် အံ့သြစွာဖြင့် နာရီဝက်ခန့်ကြာသည်အထိ ဆက်ဆက်သိနေ၏။

## (၁၁) ပိုင်ဆိုင်သမျှအားလုံးကို အကောင်းဆုံးစွန့်လွှတ်ခြင်း

ထိုဖြစ်ရပ်၏ အကျိုးဆက်အဖြစ် ဦးဂိုအင်ကာရိပ်သာမှ ထွက်လာအပြီး အိမ်ပြန်အရောက်တွင် နှလုံးသားအေးနေသည်ကို သိသောဉာဏ်ဖြင့် စကား ပြောတတ်သွား၏။

(စကားပြောရင်း တရားနှလုံးသွင်းမရခြင်းသည်လည်း ရိပ်သာ ဝင်ရသည့် အဓိက အကြောင်းတစ်ရပ်ဖြစ်၏။)

www.burmeseclassic.com

တရားဖြင့်သာ အချိန်ပြည့်နီးပါးနေနိုင်သွားသလို တရားကလွဲလျှင် ဘာဆို ဘာကိုမှ အားကိုးစရာ မရှိကြောင်း သေသေချာချာသိလာ၏။ သိသည့်အတိုင်း လည်း တရားနှင့် စတွေ့ချိန်မှစ၍ တဖြည်းဖြည်း ချင်း လျှော့လာသော စီးပွားရေးလုပ်ငန်း၏ လက်ကျန်အနည်းငယ်ကိုပါရပ်စဲလိုက်၏။ (Lite Ace Pick Up) ကားကြီးကို သတင်းစာထဲ ထည့်ကြော်ငြာကာ ချက်ချင်း ရောင်းပစ်ပြီး ပေးစရာရှိသော ကြွေးများကို အကုန်ပေးဆပ်၏။ ကားရောင်းပြီး မကြာမီ ကားဈေးများ တောက်လျှောက် ထိုးတက်သွားသော်လည်း စိတ်က ဘယ်လိုမှမနေ။ ဖြစ်ပေါ်သည့် အကျိုးထက် ပြုလုပ်သည့်အကြောင်း စိတ်ကသာ (လောဘ၊ ဒေါသ၊ မောဟ ကင်းကင်း လုပ်နိုင်ဖို့သာ) အဓိကဖြစ်၏။

အမှုဖွင့် တရားစွဲဖို့အထိ စိတ်ကူးထားသောရစရာအချို့ကို လုံးဝ မေ့ပစ်လိုက်၏။ မိမိဘဝရှေ့ရေးအတွက် (၉)နှစ်တာ ကိုယ်တိုင် ပင်ပင်ပန်းပန်းရှာဖွေထားသမျှ တိုက်ခန်း ၊ဖုန်း၊ ကျန်ကားတစ်စီး နှင့် ငွေကြေး လက်ကျန်အားလုံးကိုလည်း အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်းရေရှည် ရပ်တည် အများအကျိုးစစ်ကို ဆောင်ရွက်နိုင်စေလိုသော စေတနာသက်သက်ဖြင့် အပြီးအပြတ် စွန့်လွှတ်လှူဒါန်းလိုက်၏။

အားကိုးရာ တရားအစစ် မသိခင်က အားကိုးရာထင်ပြီး လောဘ၊ဒေါသ၊ မောဟ ဖြင့် မရအရ သိမ်းပိုက်ရယူထားသော ငွေကြေးနှင့်ဥစ္စာ ပစ္စည်းများသည် မိမိစိတ်ကို ကိလေသာမီးများ မပြတ်လောင်ကျွမ်းစေသည့် လောင်စာများဟု ရိပ်မိလာသောအခါတွင်မူ ထိုပစ္စည်းများကြောင့် မိမိပူလောင်ဆင်းရဲဒုက္ခ ရောက်ရ သလို မည်သူ့ ကိုမျှ ဒုက္ခမရောက်စေလိုသည့်အပြင် အများ၌လည်း မိမိလို အမှန်သိကာ လွတ်မြောက်ခြင်းဉာဏ်ချမ်းသာ ဖြစ်စေဖို့ ရည်ရွယ်လျက် မိမိပိုင်ဆိုင်သမျှကို အကောင်းဆုံး စွန့်လွှတ်လိုက်ခြင်းဖြစ်၏။ အရေးကြီးသော ဆုံးဖြတ်ချက်မှန်သမျှကို အလွယ်တကူ ဘယ်တော့မှမချတတ်၊ ချပြီးလျှင်လည်း ပြန်ပြင်ဖို့၊ နောက်ဆုတ်ဖို့ လုံးဝ စိတ်မကူးခဲ့သော်လည်း တရားကြောင့် အသိဉာဏ်ပြောင်းလာပြီး ကိုယ်တိုင် အပါအဝင် တစ်လောကလုံး၏ **အနှစ်သာရ လုံးဝ မရှိသော ဘာဆို ဘာမှကို တကယ် မဟုတ်သော ဒုက္ခသစ္စာ အမှန်တရား** ကို ဉာဏ်သိသိလာသောအခါ တွင်မူ တရားနားမလည် ခင်က ငြိတွယ်မှုတဏှာ၊ အရှုံးမပေးလိုသောမာန၊ ငါကောင်ထင်နေသော အယူမှား၊ အမှတ်မှား၊အသိမှားဒိဋ္ဌိတို့ဖြင့် ချမှတ်ခဲ့သော

www.burmeseclassic.com

ပန်းတိုင်များနှင့် ရှာဖွေခဲ့သမျှ ဥစ္စာ အားလုံးကို ယတိပြတ် ရဲရဲရင့်ရင့် စွန့်လွှတ်လိုက်ခြင်းဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟမီးတို့၏ လောင်စာဖြစ်သော ပြင်ပရုပ်ဝတ္ထုပစ္စည်းများနှင့် မပတ်သက် တော့ခြင်းနှင့် အတူထိုပစ္စည်းများနှင့် ပတ်သက်နေမှုကြောင့် လောင်ကျွမ်းနေရသော မိမိစိတ်မှ အပူမီးပါ တစ်ပါတည်း ချုပ်ငြိမ်းသွား၏။

## (၁၂) ဝီရိယလွန်ကဲ လွန်းသောအမှား

ဦးဂိုအင်ကာရိပ်သာမှ ထွက်လာပြီးနောက် တစ်လကျော်ကြာအောင် မိမိရှုပ်ခဲ့သမျှ စီးပွားရေးအရှုပ်များ ရှင်းအပြီး၊ ပိုင်ဆိုင်သမျှ အားလုံးကိုလည်း တရားအတွက် စွန့်လွှတ်ပြီးသောအခါ တရားမှလွဲလျှင် ဘာမှလည်း အားကိုးစရာမရှိတော့သဖြင့် တရားအတွက် လှူထားသော ၁၂၆ (၃လွှာ)၊ ၃၈-လမ်းရှိအခန်းတွင် မနက်ပိုင်း စားစရာဝယ်ဖို့ တစ်ရက် တစ်ကြိမ် အောက်ဆင်းခြင်းမှ လွဲလျှင် လောကနှင့် အဆက်အသွယ် လုံးဝဖြတ်ပြီး ပြင်းပြင်းထန်ထန် ဆက်လက် တရားနှလုံးသွင်း၏။ အစပိုင်းတွင်နေ့စဉ် (၈)နာရီဆက်တိုက် တရားထိုင်၏။ မစားခင်ကလည်းတရား၊ စားနေရင်းလည်းတရားနှင့်စား၊ စားပြီးတော့လည်းတရား၊ တစ်နေကုန် တရားဖြင့် နေရာမှဓာတ်ကြီးလေးပါး၏ မပြတ်တရစပ်ဖောက်ပြန် ပျက်စီးနေခြင်း သက်သက်မှ လွဲလျှင် ဘာ သဘောမှ မရှိသည့် မိမိကိုယ်ခန္ဓာကြီး၏ ခွေးသေကောင်ပုပ်နှင့် အလားတူစွာ အနှစ်သာရလုံးဝကင်းမဲ့မှု သဘောကိုသိနားလည်လာ၏။ နောက်ပိုင်းရက်များတွင် နွေရာသီ၏ပူပြင်းမှုဒဏ်ကို နေ့ခင်းပိုင်းတွင် အတော်ခံရသဖြင့် စိတ်ပျံ့လာသလို တရားခွေလည်း လုံးဝမနာတော့သဖြင့် ဝီရိယလွန်မှန်း မသိလွန်လာ၏။ တစ်ရက် အိပ်ချိန်ကို(၃)နာရီအထိ တဖြည်းဖြည်းချင်းလျှော့ချရာမှ စားချင်စိတ်မရှိသဖြင့် အစားပါ နည်းလာ၏၊ (၁)လကျော်ကြာသောအခါ စိတ်ကထက်သန်လွန်းသော် လည်း ကိုယ်ခန္ဓာကအားအင် ချည့်နဲ့ကာ လုံးဝ မလိုက်နိုင်တော့သည့်အပြင် ပစ္စုပ္ပန် အနတ္တ အသိဉာဏ်ပါ ပျောက်သွားခြင်းကြောင့် တရားအားထုတ်ခြင်းကို ရပ်ပစ်လိုက်ရတော့၏။

(အကျိုး-သင်္ခါရ ဖြစ်တာ၊ သိတာတွေကို လက်ခံပြီး ရှုလျှင် ပြုလုပ်သည့်အကြောင်း တရားဖက်တွင် ငါစွဲ မပြုတ်သဖြင့် နောက်ပိုင်းတရား နည်းပေး ရာတွင် ပစ္စုပ္ပန် ယုံကြည်မှုလေးက ယုံကြည်ရုံလေးပဲဆိုတာ ယုံကြည်ဟူ၍ ပြုလုပ်မှု သင်္ခါရ၏ အနတ္တကိုသာ အဓိကထား ယုံကြည် လက်ခံခိုင်းပါ၏။)

www.burmeseclassic.com

## (၁၃) တရားအားကိုး၍ အသက်ကိုပါ စွန့်လွှတ်ခြင်း

အိမ်မှာအားထုတ်၍ မရမည့် အတူတူ ရိပ်သာဝင်မည်ဟုဆုံးဖြတ်ကာ ပထမဆုံး တရားစခန်းဝင်ခဲ့သော အင်းစိန်ဆယ်မိုင်ကုန်း၊ ရွာမကြီးကျောင်းသို့ ၅ရက်တရားစခန်း သွားဝင်၏။ တရားစခန်းရက်အတွင်း ဆရာလေး ဒေါ်ကေတုမာလာက ဆယ်မိုင်ကုန်းထိပ် ပြည်လမ်းမပေါ်ရှိ ဆေးခန်းသို့ အားဆေးသွင်းဖို့ ပို့ပေးရင်း ဆရာဝန်မက သလိပ်အရောင်ကိုကြည့်၍ သံသယဝင်ပြီး ဓာတ်မှန်ရိုက်စစ်ဆေးကြည့်ရန်တိုက်တွန်း၏။ အိမ်ပြန်ဓာတ်မှန်ရိုက်ကြည့်မှ ရောဂါဖြစ်နေမှန်းသိ၏၊(၁၀)တန်းစာမေးပွဲဖြေစဉ်က နံနက်စောစောရေချိုးပြီး ကျူရှင်သွားတက်၊ ပန်ကာအောက်အအေးခံရပါ များသဖြင့် အစပြုခဲ့သော အဆုတ်အအေးမိရောဂါသည် ကိုယ်ခံအားကောင်းစဉ်ကမသိသာသော်လည်း တရားအား ထုတ်လိုသောဝီရိယလွန်ကဲပြီး အစား၊ အအိပ် နည်းလွန်းသဖြင့် ကိုယ်ခံအား ကျသွားသော ယခု(၁၆)နှစ်အကြာတွင်မူ တီဘီရောဂါအဖြစ် ခေါင်းထောင်လာခြင်းဖြစ်၏။

တီဘီရောဂါဖြစ်မှန်း သိချိန်တွင် ရောဂါက တော်တော်ဆိုးနေပြီ ဖြစ်၏။ အသက်ရှူသွင်းရာတွင်ပင် ယခင်ကလိုအဆုံးအထိ ရှူသွင်း၍မရဘဲ တစ်ဝက် တစ်ပျက် တိုတိုလေးသာ ရှူ၍ရ၏။ ဓာတ်မှန်ကြည့်ရှုပေးသော ဆရာဝန်က ချက်ချင်းတီဘီဆေးသောက်ခိုင်း၏။ တီဘီဆေးပြင်းများ၏ ဒဏ်ကြောင့် တရားရှုမှတ်ခြင်းကို (၆)လလောက် ရပ်ပစ်ရမည်ဟု သိသောအခါ အင်္ဂလိပ်ဆေး လုံးဝမသောက်၊ တရားအားထုတ်ရင်း မြန်မာဆေးနှင့်သာ ကုမည်။ သာသနာမပြုရလည်းနေ၊ သေချင်သေပါစေတော့ဟု ယတိပြတ်ဆုံးဖြတ်၏၊ ထိုဆုံးဖြတ်ချက်ဖြင့် ဘဝရှိသည်၊ အသက်ရှိသည်၊ ရှင်နေသည် ထင်ပြီး ငြိတွယ်နေသော တဏှာကိုပါ စွန့်လွှတ်လိုက်နိုင်ခြင်းကြောင့်လည်း ထုံးတမ်း စဉ်လာ မဟုတ်သည့် အလောဘ၊ အဒေါသ၊ အမောဟစိတ်များဖြင့် ယခုခေတ် သာသနာ၏ ကွက်လပ်များကို အထိရောက်ဆုံးဖြည့်ဆည်းနိုင်ခြင်းဖြစ်၏။ အကြောင်းပြုလုပ်သမျှနှင့် အကျိုးဖြစ်သမျှတွင် ဘာကိုမှ မငြိတွယ်သည့် အနတ္တဉာဏ်နှင့်လုပ်မှသာ မလိုအပ်တာ ဘာမှမလုပ်တော့ဘဲလုပ်သမျှကိုလည်း အလွယ်ဆုံး၊ အရှင်းဆုံး၊ အထိရောက်ဆုံး၊ အကောင်းဆုံး လုပ်နိုင်မည်ဖြစ်၏။

တရားပုံမှန်အားထုတ်ပြီး မြန်မာဆေးမြီးတိုများ သောက်ရင်း ရောဂါလှေသာနေဆဲ(၁)လခန့်အကြာတွင် တရားနားမလည်သော ဆွေမျိုးမိဘတို့၏ အပြင်းအထန်စိုးရိမ်ပူပန်လွန်းမှုကြောင့် လူမမာက ဘာမှ မဖြစ်သော်လည်း လူမမာရှင် တစ်ခုခု

www.burmeseclassic.com

ဖြစ်သွားနိုင်သဖြင့် တရားအလုပ် ၆လနားမည်ဟု ဆုံးဖြတ်ချက်အသစ်ချပြီး အင်္ဂလိပ် ဆေးသောက်၏။

(ဘုန်းကြီးဝတ်ပြီးမှဆိုလျှင် ရောဂါဖြစ်လည်း ကုတော့မည် မဟုတ် သဖြင့် ရောဂါကင်းကင်းဖြင့် အကောင်းဆုံးသာသနာပြုနိုင်အောင် တရားက စောင့်ရှောက် ခြင်းဖြစ်ကြောင်း နောက်မှ နားလည်လာ၏။)

အချိန်မှန် ဆေးခန်းပြ၊ ဆေးသောက်၊ ဆေးဒဏ်ခံနိုင်အောင်အစား များများ စား၊ များများအိပ်နှင့် (၆)လခန့် နေရ၏၊ဆေးဒဏ်ကြောင့် လေးလံထိုင်းမှိုင်း နေသဖြင့်ပစ္စုပ္ပန်တရား(ဖြစ်ဆဲ၊ သိဆဲ၊ပြုလုပ်ဆဲပရမတ် သဘောခန္ဓာ၏အနိစ္စ၊ဒုက္ခ၊ အနတ္တလက္ခဏာ) ပျောက် နေသော် လည်းနဂိုအားထုတ်စဉ်က သိခဲ့သောဉာဏ်က ပြန်စောင့်ရှောက်နေသဖြင့်ဆေးကြောင့်နေရခက်သည် မှလွဲ၍စိုးရိမ်ပူပန်ခြင်း မဖြစ်ဘဲ စိတ်အေးချမ်းနေ၏။ ဆေးဖိုးဝါးခ ကုန်ကျငွေများကို မိဘကပင်ကုန်ကျခံ၏၊ ဆေးသောက်နေသော်လည်း ရှစ်ပါးသီလမဖျက်သဖြင့် နေ့လည်စာကို ဖခင်ကပင် ချက်ကျွေး၏။

ဆေးက နဂိုမျှော်လင့်ထားသလို (၆)လနှင့် မရပ် နောက်(၃)လ ဆက်သောက်ရ သော်လည်း တော်တော် သက်သာပြီ ဖြစ်သဖြင့် ကိလေသာကို ပြင်းပြင်းထန်ထန် ထိုးစစ်ပြန်ဆင်ရန် ဆုံးဖြတ်၏။

၃၈-လမ်းအခန်းတွင် နောက်ဆုံး တရားအားထုတ်ခဲ့စဉ်က ကျန်းမာရေး အခြေအနေကြောင့် ရပ်လိုက်ရသဖြင့် ယခုအကြိမ်တွင် တောထဲသွားပြီး အားထုတ်ရ မလိုလို ဝေခွဲမရဖြစ်နေမိသေး၏။ (၁၁-၁၀-၂၀၀၁) နေ့လည် ပုဇွန်တောင် မိဘ အိမ်သို့ ထမင်းစားအသွား ဗိုလ်ချုပ်လမ်း ပညာအလင်းပြစာအုပ်ဆိုင်ထဲ ဝင်မိပြီး မဟာဗောဓိမြိုင်ဆရာတော်၏ 'ရတနာ' စာအုပ်သစ်ကို လှန်လှောကြည့်ရှုမိရာမှ စာမျက်နှာ(၇၁)ရှိ "အများတို့သည် ကိလေသာဒဏ် ခံနိုင်ရည်ပြည့်ဝသဖြင့် အာဂ သတ္တိခဲ ဟုဆိုရ၏။ ငါ့မှာကား ကိလေသာကြားခရီးမသွားရဲရကား အာဂသတ္တိ ကြောင့်ဟု ဆိုရ၏"ဟု ရဟန်းဘဝဖြင့် မြို့ဒဏ်မခံနိုင်၍ တောထွက်သွားပြီးတောထဲ မှာလည်း ဒုက္ခမကင်းသော ဆရာတော်၏စာကို ဖတ်ရှုရင်း တောထဲသွားဖို့ စိတ် လည်း ချက်ချင်းပင် ပျောက်ကွယ်သွား၏။

ဘယ်ရိပ်သာဝင်ရမှန်း ဆုံးဖြတ်ချက်မကျသေးမီတွင် ရိပ်သာဝင်ဖို့ မန္တလေးမှ လာသော မိမိနှင့်ပထမဆုံး တရားအတူစထိုင်ဖော်ဖြစ်သူ မန်နေဂျာဟောင်း ကိုတင်မောင်ဆွေအတွက် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်တွင် စာရင်းပေးရင်း

www.burmeseclassic.com

သောက်လက်စ တီဘီဆေးများကိုပါယူ၍ ကိုယ်တိုင် (၁၀) ရက် စခန်းလိုက်ဝင်၏။

(၃-၁၁-၂၀၀၁) မှ (၁၃-၁၁-၂၀၀၁)ထိ ရိပ်သာဝင်ရာတွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓာတ်တော်များရှေ့တွင် နေရာရ၏။ ဦးဂိုအင်ကာရိပ်သာတွင် တရားထိုင်စဉ်ကအတိုင်း ၁၀-ရက်လုံးလုံး နေ့စဉ်အချိန်ရှည် တစ်ဆက်တည်း (၈)နာရီဆက်တိုက်တရားထိုင်ခြင်း အပါအဝင်အိပ်ချိန်မှလွဲလျှင် တစ်စက္ကန့်မျှမလပ်ရအောင် ကျေးဇူးရှင်ဆရာတော်ကြီးအား ဘုရားအကြိုက်ဆုံး ဓမ္မဖြင့်အမြတ်ဆုံးပူဇော်၏။



မိုးကုတ်ဆရာတော်ဘုရားကြီး၏ မီးမလောင်သော မျက်လုံးတော်တစ်စုံအနက်မှ မိုးကုတ်မြို့တွင် ကျန်ရှိနေသော မျက်လုံးတော်ပုံ





မိုးကုတ်ဆရာတော်ဘုရားကြီး၏ အရိုးတော် အသွေးတော် အသားတော်တို့မှ ဖြစ်ပေါ်လာသော အရောင်ရှိ အရွယ်ရှိ ဓာတ်တော်များ




ထိုအကြောင်းတရား၏ အကျိုးရလဒ်အဖြစ် (၇)ရက်မြောက်နေ့ နေ့ဆွမ်းမစားမီ မနက်ပိုင်း တရားထိုင်ချိန်အပြီး **မျက်စိဖွင့်လိုက်သောအခါ ဥပေက္ခာဝေဒနာ (မြင်စိတ်) ၏ အတ္တ လုံးဝ ကင်းခြင်း (အနိစ္စ၊ ဒုက္ခ၊ အနတ္တ သက်သက်မျှသာဖြစ်သည့်)** အမှန်တရားကို ရှင်းရှင်းလင်းလင်း နားလည်သွားသလို (၆)လနီးပါး အိပ်လိုက်၊ စားလိုက် အနားယူခဲ့သဖြင့် အရင်လို တရားပြန်ထိုင်လို့ရပါ့ဦးမလားဆိုသည့် စိုးရိမ်စိတ်လည်း လုံးဝပျောက်ကွယ်သွား၏။

(ရိပ်သာဝင်စဉ်အတွင်း ဘယ်ရက်၊ဘယ်အချိန်ဆို တာတွေကိုသိရုံသက်သက်သာလက်ခံပြီးဦးနှောက်က လုံးဝမှတ်သားမထားသဖြင့် နေ့ရက်များမှာ ခန့်မှန်းဖော်ပြထားခြင်းဖြစ်၏။)

www.burmeseclassic.com

## (၁၄) အဝိဇ္ဇာ မှ ဝိဇ္ဇာ သို့၊ လွတ်လပ်ရေး မှ လွတ်လပ်ရေး သို့။

နောက်ဆုံး ၁၀ရက် တရားစခန်းအဖြစ် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ထွက်လာအပြီးတွင် မျက်စိမှိတ်ပြီး တရားထိုင်နေစရာမလိုဘဲ မျက်စိဖွင့်ထားလည်းဖြစ်ကာ မတ္တာဖြစ်ရုံလေးဖြစ်နေသည့် အင်မတန် သိမ်မွေ့သော (စိတ်၊စေတသိက်၊ရုပ်သင်္ခါရ ပရမတ်)ဒုက္ခသစ္စာတရားနှင့် သတိပညာဉာဏ်က တစ်သားတည်းဖြစ်နေ၏။ဒုက္ခသစ္စာ သည်ပင်လျှင်ဉာဏ်၊ ဉာဏ်သည်ပင်လျှင် ဒုက္ခ သစ္စာဖြစ်နေ၏။ တီဘီ ရောဂါအမြစ် မပြတ်သေးသဖြင့်ဆေးဆက် သောက်နေရခြင်းနှင့် ပုဇွန်တောင်ရှိ ဖခင်ဖြစ်သူထံ ထမင်းစားဖို့ နေ့လည်တစ်ကြိမ်လမ်းလျှောက်ပြန်သည်မှလွဲ၍ ဘာတာဝန်၊ ဘာအလုပ်မှမရှိခြင်းကြောင့် ဘာဆုံးဖြတ်ချက်မှချနေစရာမလို၊ မတွေ့ပါများခြင်းကြောင့် ဘယ်ဆွေမျိုး၊ မိတ်ဆွေ၊သူငယ်ချင်းမှ ရင်းရင်းနှီးနှီး မရှိတော့သည့်အတွက် ဘယ်မှလည်းသွားစရာမရှိ၊ ဘာကိုမှမှတ်သားနေစရာ၊ ဂရုစိုက်နေစရာမရှိ ထူးထူးခြားခြား ဘာဖြစ်ချင်စိတ်မှလည်းမပေါ်၊ ဘာဆိုဘာမှ ပူစရာမရှိ၊ ဘာကိုမှတွေးနေခြင်းလည်းမရှိဘဲ ပစ္စုပ္ပန်-သင်္ခါရဒုက္ခ မှ လွဲလျှင် ဘာစွဲ၊ ညာစွဲ၊ ဘယ်သူ၊ ဘယ်ဝါစွဲ၊ အချိန်စွဲ၊ နေရာစွဲ ကင်းကင်းဖြင့် လူ့ဒုက္ခတို့မှ အလွတ်လပ်ကြီး လွတ်လပ်လျှက်ရှိ၏။

(၄-၁-၂၀၀၂) နေလည်စာ ပြန်စားရင်းလမ်းတစ်လျှောက်တွင် အားကစားပြိုင်ပွဲများ တွေ့ကြုံရမှ လွတ်လပ်ရေးနေ့မှန်း အသိဝင်လာ၏။ ထမင်းစားအပြီးတွင် တရား အတွေ့အကြုံများကို စာရေးပေးပါဦးဟု အကြိမ်ကြိမ် ဖုန်းဆက်မှာနေသော နိုင်ငံခြားရှိ မိခင်ဖြစ်သူထံ စာရေးရာမှ မိမိ၏တရားအတွေ့ အကြုံများကို ပြန်လည်သုံးသပ်မိ၏။


ရိပ်သာသို့ အချိန်ပိုင်း တရားသွားထိုင်ရင်း (၅)ရက်မြောက်နေ့တွင် <u>ဒုက္ခဝေဒနာ၏ တကယ်မဟုတ်ခြင်း အမှန်တရားကို</u> ဉာဏ်တွေ့ကြုံရပုံ၊ စီးပွားရေးလုပ်ကိုင်နေရင်းပါ ဝေဒနာ၏အနတ္တသဘောကို သတိရရ နေခြင်းကြောင့် ၁၉၉၉ သင်္ကြန် (၅) ရက် တရားစခန်းတွင် ဒုလ္လဘရဟန်းဝတ်၍ တရားထိုင်ဖြစ်ပုံ၊ ရိပ်သာမှ ထွက်လာပြီးတစ်နှစ်နှင့် သုံးလကြာအောင် နေ့စဉ်ပုံမှန်တရား ထိုင်စဉ်အတွင်း (၅) ရက်တရားစခန်းငါးကြိမ်ခန့် ဝင်ဖြစ်ပုံ၊ (၁-၆-၂၀၀၀) တွင် အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော် လုပ်ငန်းစဖွင့်ပြီး ထိုလတွင်ပင် ဦးဘခင်ရိပ်သာ (၁၀)ရက် တရားစခန်းဝင်ဖြစ်ပုံ၊ ထို့နောက်နေ့စဉ်ပုံမှန်တရားထိုင်ရင်း (၈)လခန့် အကြာတွင် ဦးဂိုအင်ကာ (၁၀)ရက် တရားစခန်းဝင်ဖြစ်ပုံ၊ စီးပွားရေးအရှုပ်များကို ရှင်းအပြီး

www.burmeseclassic.com

၃၈လမ်း အခန်းတွင် တစ်လကျော်ဆက်တိုက် တရားထိုင်နေရင်း တီဘီရောဂါကြောင့် (၆)လကျော်အနားယူရပုံ၊နောက်ဆုံး (၁၀)ရက် တရားစခန်းအဖြစ် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ထွက်လာအပြီးတွင် မျက်စိမှိတ်ပြီး တရားထိုင်နေစရာ မလိုတော့ဘဲ အလိုက်သင့်သတိ ပညာမြဲနေသည်မှာပင် တစ်လကျော်နေပုံနှင့် တရားအားထုတ်ချိန် စုစုပေါင်း (၃)နှစ်နီးပါး ရှိပြီဖြစ်ကြောင်း သတိပြုမိလာ၏။

စာရေးနေရင်းမှာပင် ဒီလောက်ဆိုရင် စိတ်ချရလောက်ပြီ၊ အမိမြန်မာပြည် လွတ်လပ်ရေးရတဲ့ဒီနေ့မှာ မိမိစိတ်လည်းလွတ်လပ်ရေး ရသင့်ပြီဟူသော အသိဝင်လာခြင်းကြောင့် မိုးကုတ်အဖွဲ့ချုပ်မှထွက်လာကတည်းက အလိုက်သင့်လေး ထိန်းလာသော ဒုက္ခသစ္စာအသိကို စွန့်လွှတ်လိုက်တော့၏။

**အာရုံ နှင့် ဒွါရ တိုက်ဆိုင်မှု အကြောင်းကြောင့် မြင်စိတ်၊ ကြားစိတ်၊ သိစိတ် စသည့် အကျိုး-သင်္ခါရစိတ်များ ဖြစ်သော်လည်း ထိုစိတ်များကို အကြောင်းပြန်ပြု၍ နဂို ဖြစ်နေကျ ဖြစ်သော နောက်ဆက်တွဲ စိတ်အစဉ်များ ပြတ်နေ၏။**



နောက်နေ့အထိ ၂၄နာရီ ကြာသွားသော်လည်း ကြားဖြတ် ဝင်ဝင်ပေါ်နေသော အကျိုး-သင်္ခါရစိတ်များ နောက်တွင် လွတ်လပ်မှု၊ လွတ်မြောက်မှု အပြည့်အဝရှိသောအနတ္တ ခန္ဓာငါးပါး အသစ်အသစ်များက အားစိုက်နေစရာမလိုဘဲ အလိုလို ပြန်ပြန် ဖြစ်နေခြင်းကြောင့် လုံးဝစိတ်အေး သံသယ ကင်းသွား၏။



ပုဇွန်တောင်မှ (၃၈)လမ်းသို့ (၅-၁-၂၀၀၂) လမ်းလျှောက် အပြန်ခရီး နာရီဝက်ခန့်အချိန်သည် ဘယ်တော့မှ ဆုံးရှုံးစရာ မရှိတော့သော၊ အလွတ်လပ် အပေ့ါပါးဆုံးသော ပြီးပြည့်စုံသော အနတ္တချမ်းသာစစ်၏ အစဖြစ်၏။

<u>**ပရမတ်ကို ပရမတ်မှန်း၊ ပညတ်ကိုပညတ်မှန်း၊ ဘဝမှန်သမျှ၏ တကယ်မဟုတ်မှန်း၊ အချည်းနှီး သုည-အိပ်မက်သက်သက်မျှသာ ဖြစ်မှန်း သိသော အနတ္တဉာဏ်**</u> ကြောင့် (၃)နှစ်နီးပါး အားထုတ်ခဲ့သော တရားအတွေ့အကြုံများကိုလည်း ဘယ်အချိန်က ဘယ်လိုဖြစ်မှန်း

www.burmeseclassic.com

အလိုလို နားလည်လာ၏။

မိုးကုတ်ဆရာတော် ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ယခင်က ရှင်းရှင်းလင်းလင်း နားမလည်ခဲ့သော်လည်း ယခုအခါ စိတ်ပဋိစ္စသမုပ္ပါဒ် (ပရမတ်အကြောင်းအကျိုး)ကို ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်း နားလည်သောဉာဏ် ပေါ်လာခြင်းကြောင့် နောက်(၁၀)လအကြာမှစ၍ ရဟန်းဘဝ ခံယူပြီး ပရမတ်သစ္စာလေးပါးနှင့် ပတ်သက်သော အမှန်ကန်ဆုံးပညတ်များကို အသက်ထက်ဆုံး အစွမ်းကုန်ဖော်ထုတ်သွားရန် ယတိပြတ်ဆုံးဖြတ်ချက်ကျသွား၏။

ဘုရားရှင် ကိုယ်တိုင် ထမ်းဆောင်သွားခဲ့သော သာသနာ့ဝန်အစစ် ကို သင်္ကန်းဝတ်ပြီး တိတိကျကျ၊ သတ်သတ်မှတ်မှတ် မယူသေးမီ (၁၀)လ အတွင်း လိုချင်တပ်မက် ငြိတွယ်မှု ကင်းခြင်း၊ စိုးရိမ်ပူပန်မှုကင်းခြင်း၊ ငါ-ငါ့ဥစ္စာဟူသော အထင်မှားကင်းခြင်း ချမ်းသာဖြင့် တစ်သားတည်းနေရန် အတွက် သာမက ယခုမှတီဘီရောဂါပျောက်ခါစဖြစ်၍ မိုးရွာထဲ ဆွမ်းခံရမည့်ဒုက္ခကို ဤတစ်မိုးတွင်းရှောင်သည့်သဘောဖြင့်ပါ အချိန်ရွှေ့ခြင်းဖြစ်၏။

(၅)ရက်စခန်းဝင်ရင်း ပထမဆုံးအကြိမ် သင်္ကန်းဝတ်စဉ်(၂၉)နှစ်အရွယ်ကမူ ဘုရားထားရစ်ခဲ့သော သံဃာတော်ဘဝအကြောင်းကို သိချင်စိတ်ဖြင့် ဝင်ရောက်လေ့လာကြည့်ခြင်းဖြစ်၏။ ယခု (၃၃)နှစ်အရွယ်တွင် သင်္ကန်းဝတ်ဖို့ ဆုံးဖြတ်ခြင်းမှာမူ ငါမရှိတာကို နှလုံးသားမှ အချိန်ပြည့် ကျေကျေနပ်နပ် လက်ခံလာနိုင်ခြင်းကြောင့် ငါ့ကိစ္စကိုယ်ကျိုးကြည့်စရာ ဘာမှမရှိတော့ပါသဖြင့် ဘာကိုမှမမှီခိုဘဲ ဉာဏ်ချမ်းသာဖြင့် နေနိုင်သော်လည်း ရှေ့မှ ဘုရား၏ တပည့်သားများ ခင်းပေးခဲ့သော မဂ္ဂင်လမ်းအပေါ် ကိုယ်လျှောက်ခဲ့သလို အများအတွက် ပြန်လည်လမ်းခင်း ပေးရမည့် တရားကပေးသော တာဝန်ကြောင့်ဖြစ်၏။

ဘာဝိနည်းကို မှ အထူးတလည် စောင့်ထိန်းနေစရာ မလိုဘဲ တရားတစ်ခုကိုသာ တစိုက်မတ်မတ် ကျင့်ကြံ အားထုတ်ခွင့်ရသည့် လွတ်လပ်သော လူ့ဘဝဖြင့် တရား ကျင့်ခဲ့သော်လည်း၊ အများအကျိုးဆောင်ရွက်ရာတွင်မူ အထိရောက်ဆုံးဖြစ်စေရန်အတွက် ရဟန်းအဖြစ် ခံယူဖို့ ဆုံးဖြတ်ရခြင်းဖြစ်၏။ (လူ့ဘဝဖြင့်ဘုန်းကြီးမဝတ်ခင် အချိန်အထိ တရားလုံးဝနှလုံးပြန်သွင်းစရာမလိုပါ၊ ရဟန်းဘဝ ခံယူပြီးမှသာ လုပ်နေကျ မဟုတ်သော တရားဟော၊ ဆွမ်းခံစသည့်အလုပ်သစ်များ၏ မကျွမ်းကျင်သေးသော အစတွင်သာ တရားနှလုံးသွင်းဖို့လို၏။)

www.burmeseclassic.com

www.burmeseclassic.com 

## (၁၅) လူ့ဘဝ၏အဆုံး၊ ရဟန်းဘဝ၏အစ။

ဆုံးဖြတ်ချက်အတိုင်း အသက်(၃၃)နှစ်ပြည့်သည့် (၂၁-၁၀-၂၀၀၂) သီတင်းကျွတ်လပြည့်နေ့၊ မနက်စနာရီခွဲတွင် အလွန်ရခဲသော၊ အမြင့်မြတ်ဆုံး ရဟန်းအဖြစ်ကို သိမ်ဖြူလမ်း ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး၌ ခံယူ၏။

ဉပဇ္ဈာယ်မှာ သက်တော်(၈၀)ကျော် ဆရာတော်ကြီး ဦးဥေယျသာဂရဖြစ်၏။ ရဟန်းဒါယိကာ၊ ဒါယိကာမများမှာ ဖခင်၊ မိခင်နှင့် ညီငယ်နှစ်ဦးဖြစ်၏။ ရဟန်းဘဝဖြင့် မိမိအတွက် ဘာမှ ရယူလိုစိတ်မရှိပါ။ တရားအားကိုးရင်း အများအကျိုးဆောင်ရွက်မည်၊ တရားက ထားသောနေရာမှာနေမည်၊ တရားက ဆင်သောသင်္ကန်းကို ဝတ်မည်၊ တရားက ကျွေးတာကို စားမည်၊ နေစရာ မရှိလျှင် သစ်တစ်ပင်အောက်နေမည်၊ စားစရာမရှိလျှင် တရားနှလုံးသွင်းရင်း အသေခံလိုက်မည်၊ တရားက လွဲလျှင် တခြားဘာကိုမှ အားမကိုးဟူသော ရဲရဲတောက် ဆုံးဖြတ် ချက်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်၏။

အများအကျိုး ဆောင်ရွက်ရာတွင် အထိရောက်ဆုံး ဖြစ်ရန်အတွက် လိုအပ်လျှင်မိမိလုံးဝ စိတ်မဝင်စားခဲ့သော၊ ပါဠိစာပေများကိုပါ သင်ယူမည်ဟု သဒ္ဓါစိတ် ဖြစ်ခြင်းကြောင့် ပထမတွင်ပရိယတ် စာပေလေ့လာခြင်းအပြင် အခြားလိုအပ်သည် များအတွက်(၂)နှစ်ခန့် တရားမဟောသေးဘဲ ကြိုတင်ပြင်ဆင်မည်ဟူသော စိတ် ဖြစ်၏။ သို့သော် ရဟန်းဘဝ ရောက်ရောက်ချင်းပင် စုစည်း ရောက်ရှိလာသော အရင်းနှီးဆုံး ပရိသတ်အား အလုပ်ပေးတရားဟောပြီး တရားထိုင်ခိုင်းရာမှ တရားပြတတ်မှန်း သိသွားသော ဉပဇ္ဈာယ်ဆရာတော်ကြီး ကိုယ်တိုင်က တရားဟောခိုင်း သဖြင့် ရဟန်းဘဝရောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ဆရာတော်ကြီး၏ ဒကာမ ယောဂီတစ်ယောက်အားလက်တွေ့ အလုပ်ပေး တရားဟောပြီး တရားထိုင်နည်း သင်ပေးရာမှ တဖြည်းဖြည်း လူသိများလာပြီး နေ့စဉ်နံနက်တိုင်း အလုပ်ပေးတရားများ ဟောဖြစ်သွား၏။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ပင့်ဖိတ်သော အိမ်များ၌လည်း ဆွမ်းစားပြီး တိုင်း အလုပ်ပေးတရားဟောပြီး၊ တရားထိုင်ခိုင်း၏။

အချိန်ကြာကြာ တရားဟောကြားခဲ့သော နေရာများမှာ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး (၁၀လ)၊၄၃၂ သိမ်ဖြူလမ်း (၂လ)၊ ကန်တော်လေး ဖို့မြေ ဓမ္မာရုံ (၄နှစ်)၊ ပညာရာမိက မဟာကျောင်းတိုက်၊ ၉၄လမ်း ဓမ္မာရုံ၊ မြကန်သာဓမ္မာရုံ၊ ၃၈လမ်း မင်္ဂလာဓမ္မာရုံ၊ ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံ၊ မေတ္တာပုည

www.burmeseclassic.com

www.burmeseclassic.com 

ကာရီမြမ္မာရုံ၊ ရေကျော် မြမ္မာနု ရက္ခိတမြမ္မာရုံ၊ ဗိုလ်တထောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား တို့ဖြစ်၏။

## (၁၆) အရုဏ်ဆွမ်းနှင့် ပတ်သက်၍

ရဟန်းဘဝအစ အရုဏ်ဆွမ်း အလှူရှင် မရှိသော နံနက်များတွင် အရုဏ်ဆွမ်း မဘုဉ်းပေးတော့ဘဲ နေ့လည်ဆွမ်းခံပြန်လာမှ နေ့ဆွမ်းတစ်နပ်သာ ဘုဉ်းပေး၏။ မိမိအားထုတ်ထားသောတရားက စောင့်ရှောက်နေခြင်းကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် မလိုအပ်တာ ဘာမှ မလုပ်၊ မပြော၊ မတွေးတော မကြံစည်သဖြင့် အထူးတလည် အင်အားကုန်ခြင်း မရှိသည့်အတွက် အရုဏ်ဆွမ်း မစားလည်း သိသိသာသာ ဆာလောင်ခြင်းမရှိလှပါ။

အရုဏ်ဆွမ်း စားရရ၊ မရရ ဆွမ်းကိစ္စကို စိတ်ထဲလုံးဝမထားပါ၊ နေ့စဉ်နံနက်တိုင်း ပုံမှန်တရား ဟောဖြစ်လာသောအခါ ယောဂီများက တရားမဟောမီ အရုဏ်ဆွမ်းလာကပ်ကြရာမှ တဖြည်းဖြည်းနှင့် အပတ်စဉ် တစ်ပတ်လျှင် တစ်ရက်၊ နှစ်ရက်စသည်ဖြင့် ပုံမှန်တာဝန်ယူ ဖြစ်သွား၏၊ တစ်ရက်တည်း ကြားဖြတ် ယာယီ ဆွမ်းကပ်ချင်သူများအတွက်လည်း ပုံမှန် အလှူရှင်များကပင် ညှိနှိုင်း ဆောင်ရွက်ပေး၏။

## (၁၇) နေ့ဆွမ်းနှင့်ပတ်သက်၍

ဆွမ်းစားပင့်တာရှိရှိ၊ မရှိရှိ နေ့စဉ်ပုံမှန် ဆွမ်းခံမည်ဟု ဆုံးဖြတ်ထားသော်လည်း မလုပ်ဖူးသည့်၊ မကျွမ်းကျင်သည့်အလုပ်ဖြစ်ခြင်း၊ ဆွမ်းခံအထာမသိခြင်း တို့ကြောင့် ရဟန်းဘဝအစ၏ ညနေပိုင်းတွင် နက်ဖြန် ဆွမ်းခံရမည့်ကိစ္စကိုသာ စိတ်က ရောက်ရောက်နေပါသဖြင့် တရားသာ နှလုံးသွင်းနေလိုက်၏။ ဆွမ်းခံကိစ္စ စိတ်ထဲ လုံးဝမရှိတော့သည့် နှစ်နာရီ နီးပါးလောက်ကြာအောင် တရားထိုင်အပြီးတွင် လမ်း ၅၀-ဆည်းဆာ တရားခွေ အငှားဆိုင်မှ ဒေါ်စိုးစိုး၊ ဒေါ်ဖြူဖြူတို့ ရောက်လာကာ ထီးနှင့် အသုံးအဆောင် ပစ္စည်းများ လှူဒါန်းပြီး ဆွမ်းခံကိစ္စအတွက် တစ်ပတ် တစ်ရက်ဖြစ်ဖြစ်၊ ဆွမ်းခံအိမ် အဆင်မပြေသေးစဉ်အတွင်း နေ့စဉ်ဖြစ်ဖြစ်၊ ဆွမ်းခံကြွ ပါရန် ဖိတ်ကြား ခြင်းကြောင့် ဆွမ်းခံပြဿနာ အဆင်ပြေသွား၏၊ နောက်တစ်နေ့ တစ်ပါးတည်း ဆွမ်းခံစထွက်ရာတွင် ဆည်းဆာသို့ နောက်ဆုံးမှ ဝင်ရောက်ဆွမ်းခံ၏၊

www.burmeseclassic.com

လမ်းကြောင်း တစ်ခုကို တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် တစ်ပတ်စာအတွက် လမ်းကြောင်း (၇)ကြောင်း သွား၏။ အသွားအပြန် လမ်းလျှောက် သွားနိုင်လောက်သောနေရာများသို့သာ ဆွမ်းခံကြွ၏။

အစပိုင်းတွင် မသွားတတ်၊ မလာတတ်၊ မပြောတတ်၊ မဆိုတတ်သည့် အခက်အခဲများ ရှိသော်လည်း တရားနှလုံးသွင်းပြီး လုပ်ခြင်းကြောင့် တစ်နည်းနည်းနဲ့ အဆင်ပြေသွားသည်ချည်းဖြစ်၏။ နှစ်လနီးပါးအကြာတွင် သက်န်း မရုံတတ်၊ ဆွမ်းမခံတတ်သည့် အခက်အခဲများ အသားကျ အဆင်ပြေစ ပြုလာပြီး အမှတ်(၄၃၂) သိမ်ဖြူလမ်းမှ ဒေါ်မူမူထွေးကလည်း ပုံမှန်ဆွမ်းချိုင့် လာပို့၏။ (၂၀၀၃နှစ်ဆန်းမှ ၂၀၀၆ နှစ်ဆန်းအထိ နေ့စဉ် နေ့ဆွမ်းချိုင့်ပို့ တာဝန်ယူသွား၏။)

ဆွမ်းခံရာတွင် တကူးတကလာပင့်၍ ကြွရသော အိမ်များရှိသလို လမ်းကြုံသဖြင့် ဝင်ရောက် ဆွမ်းခံဖြစ်သော အိမ်များလည်းရှိ၏။ အထူးသဖြင့် ဆွမ်းခံအိမ်နည်းသေးသော အစပိုင်းတွင် သက်ကြီးရွယ်အိုရှိသော အိမ်များသို့ တမင်ဆွမ်းခံဝင်ရင်း အလုပ်ပေး တရားစာအုပ်၊ တရားစီဒီများကို ပေးလှူ (သို့)ငှားရမ်းပေး၏။ တရား ရှင်းပြပေးရသည်များလည်း ရှိ၏။

ရတနာမြတ်သုံးပါး အပေါ် ဆွမ်းကလေး တစ်ဇွန်းမျှလောင်း၍ ဖြစ်စေ၊ လက်အုပ်ကလေးတစ်ကြိမ်မျှချီ၍ ဖြစ်စေ ယုံကြည် အားကိုးမိသူများကိုပင်လျှင် အားကိုးရကျိုးနပ်အောင် ကျေးဇူးတုံ့ပြန်လိုသော စေတနာအပြည့်ရှိသောကြောင့် အလှူခံယူထိုက်သော၊ လက်အုပ်ချီခံထိုက်သော၊ ယုံကြည်အား ကိုးခံထိုက်သော အမောဟ၊ အလောဘ၊ အဒေါသ အသိဉာဏ်များ အားကောင်းသည်ထက် အားကောင်းလာအောင် အမြဲဂရုစိုက်၏။

## (၁၈) ငွေကြေးနှင့်ပတ်သက်၍

ရဟန်းဘဝဖြင့် မိမိကိုယ်ကျိုးအတွက် ငွေကိုင်ပြီး သုံးစွဲခြင်းမရှိ၊ ငွေလှူခြင်းကို ကိုယ်တိုင် လက်ခံရခြင်းများ ရှိသော်လည်း အများအကျိုး ဆောင်ရွက်နေသည့် အဝိဇ္ဇာမှဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်းနှင့် ရိပ်သာများအတွက်သာ အသုံးပြု၏။ ဘယ်မှမသွားသဖြင့် ငွေကြေးသုံးစွဲစရာလည်း မရှိပါ။ တရားကိစ္စအတွက် သွားလာစရာ ရှိလျှင်လည်း ဒကာများက အဆင်သင့်ပို့ဆောင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com 

ငါမရှိသော အသိမြဲနေခြင်းကြောင့် ကိုယ်ကျိုး၊ ငါ့အကျိုး ရှာချိန် တစ်စက္ကန့်မျှမရှိ၊ အနတ္တ သဘာဝ စိတ်အတွက် ဘာဆိုဘာမှမလိုပါ။ မလိုခြင်း ကြောင့်ကို ချမ်းသာ၏၊ လိုလျှင် ဆင်းရဲ၏။

## (၁၉) သေခါနီးများပါမကျန်

သက်န်းမဝတ်မီလူ့ဘဝကပင်သက်ကြီးရွယ်အိုများ၊ သေခါနီးလူများအတွက် သားသမီးမြေးမြစ်များနှင့် အတိတ်ဖြစ်ရပ်များအပေါ် အစွဲအလမ်းများ လျော့နည်းသွားစေရန် တရားနာစေ၏။ လိုအပ်လျှင် ကက်ဆက်ပါ ငှားရမ်းပေး၏။ နောက်ပိုင်း စီဒီခွေများ ထွက်လာသောအခါ စက်နှင့်တကွ စီဒီချပ်များပါ ငှားရမ်း (သို့) လှူဒါန်းပေး၏။ လူမမာရှင်များက အရေးပေါ်လာပင့်သော အိမ်(သို့) ဆေးရုံပေါင်းစုံသို့ စေတနာသက်သက်ဖြင့် တရားလိုက်ဟောပေးခြင်းများလည်း မနည်းလှပါ။

အတိတ်ကမသိ၍ ဘယ်လောက်ပဲဆိုးခဲ့မိုက်ခဲ့ သေခါနီး နောက်ဆုံးအချိန်တွင်မှ အမြင်မှန်ရ၍ တရားအားကိုးလိုသည်ဖြစ်ပါက တရားတော်၏ အခါမလင့် အကျိုးပေးခြင်းကို အပြည့်အဝ ယုံကြည်ခြင်းကြောင့် ကိုယ့်ဘက်ကတော့ အစွမ်းကုန် အကူအညီပေးမြဲဖြစ်၏။ သေသည့်အထိ မိုက်သွားသူများထက် စာလျှင် သေခါနီးမှ တရားအားကိုးသွားသည်က တော်ပါသေး၏။


ဆွမ်းခံအိမ်များတွင် အသည်းအသန် လူမမာနှင့်ကြုံ၍ အလုပ်ပေး တရားဟော နှလုံးသွင်းခိုင်းရခြင်းမျိုးလည်းရှိ၏။ ၁၅-မိနစ်လောက်အတွင်းမှာပင် လူမမာ၏ စိတ်ချောက်ချားမှု သိသိသာသာ သက်သာသွားလေ့ရှိ၏။

ကိုယ်တိုင်နေထိုင်မကောင်းဖြစ်လျှင်လည်း ဇွတ်ကြိတ်မှိတ်ပြီး တရားနှလုံးသွင်းကာ ခံရခက်လွန်းသော ဝေဒနာစွဲများကို အကြိမ်ကြိမ် စွန့်လွှတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော ခိုင်မာလွန်းသည့် ယုံကြည်မှုအင်အားဖြင့် ဝေဒနာရှင်များကို အထိရောက်ဆုံး အကူအညီပေးနိုင်ခြင်း ဖြစ်၏။ ပြောသည့်အတိုင်း ယုံယုံကြည်ကြည်ဖြင့် လိုက်နာနှလုံးသွင်းဖို့သာလိုပါ၏။

သေခါနီးလူများစွာနှင့် ကြုံတွေ့ခဲ့ရပြီး အစွမ်းကုန် အကူအညီ ပေးနိုင်ခဲ့၏။ မိမိ၏ အလုပ်ပေး တရားစီဒီများ နာကြားပြီး လိုက်နာ ကျင့်သုံးအားထုတ်ရာမှ ပရမတ်တရားကို ရှင်းရှင်းလင်းလင်း သိနားလည်လာသူများ အချိန်နှင့်အမျှ တိုးသထက်တိုးလာလျက်ရှိသလို ကျန်းမာရေးလည်း ပြန်ကောင်းသွားသူများ၊ တည်ငြိမ်အေး

www.burmeseclassic.com

ချမ်းစွာ သေဆုံးသွားကြသူများအကြောင်းကို ကာယကံရှင်များ၊ ကိုယ်တွေ့ကြုံသူများက ပြန်လည်လျှောက်ထား ပြောပြကြသည်များလည်း မနည်းပင်ရှိ၏။ ( လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ၊ကျားမ၊ ကြီးငယ်မရွေး သတ္တဝါ အားလုံးအတွက် တစ်ခု တည်းသော အားကိုးရာအစစ်သည် သစ္စာလေးပါး ပရမတ်အမှန်တရားသာ ဖြစ်ကြောင်း အများသိစေလိုသောစေတနာဖြင့် ယခုကဲ့သို့ဖော်ပြခြင်းဖြစ်ပါ၏။)


သံလျင်တရားစခန်း၌ နိုင်ငံခြားသားများအားတရားရှင်းပြစဉ်

## အဝိဇ္ဇာမှ ဝိဇ္ဇာသို့

အမှန်တရား အလုပ်တော်လုပ်ငန်း နှင့် အချိန်ပြည့်ရိပ်သာ

ဆုနာမိဆရာတော် ဦးဥတ္တမသာရ


ဆွမ်းခံထွက်ခြင်း


သံလျင်တရားစခန်းယောဂီအချို့


တည်ဆောက်ဆဲ သံလျင် ဘုရားကုန်း အချိန်ပြည့်ရိပ်သာ


မလေးရှားနိုင်ငံ မဟာဝိဟာရကျောင်း (Brickfield)သို့ ရောက်ရှိစဉ်


စင်ကာပူနိုင်ငံ Canberra road နေအိမ်တရားပွဲ


ဝေဒနာရှင်တစ်ဦးအား ဝေဒနာစွဲ ပြုတ်စေရန် တရားရှင်းပြနေစဉ်

www.burmeseclassic.com













(မည်သူမဆို အချိန်မရွေး, အချိန်ရသလောက် လာရောက် တရားအားထုတ်နိုင်
ပါသည်။တရားနှင့်ပတ်သက်၍မရှင်းလင်းသည်များကိုလည်း
လာရောက်မေးမြန်းနိုင်ပါသည်။)

တယ်လီဖုန်း၊ အီးမေးလ်မှတဆင့်လည်း မေးမြန်းနိုင်ပါသည်။

**အဝိဇ္ဇာမှ ဝိဇ္ဇာသို့ ၊ ၄၅လမ်း၊ သဘာဝရိပ်သာ။**

၄၅၊၄၅လမ်း၊ရန်ကုန်မြို့၊ ဖုန်း–၂၉၈၁၉၆

**အဝိဇ္ဇာမှ ဝိဇ္ဇာသို့ သန်လျင်ဘုရားကုန်း သဘာဝရိပ်သာ**

(ကျိုက်ခေါက် ဘုရားရှေ့)


ဖုန်း–၇၂၄၀၅၆၊ –၀၉ ၅၀၈၅၂၁၂

(www.realenlightenment.org & www.mtsm45an.multiply.com)

email: mtsm45@gmail.com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com